ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 6 September 2021 ၁၀၄၈၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် International Army Games -2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် International Army Games -2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ မျိုးချစ်ပန်းခြံရှိ Congress စင်တာ၌ ကျင်းပပြုလုပ်သည့် International Army Games-2021 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့် အတူ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲ Tank Biathlon (Division-1)နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အသင်းက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## ကြေးမုံ ယနေ့ ဖတ်စရာ

နိုင်ငံသားတိုင်း ခေတ်မီတိုးတက်စေဖို့ စာပေမီးရှူးတိုင်ထွန်းကြစို့ စာမျက်နှာ » ၆

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ) စာမျက်နှာ » ၁၆

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇ ဒသမ ၈၇ သန်းနီးပါးရှိ စာမျက်နှာ » ၁၁

စက်တင်ဘာ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၈၂၉ ဦး တွေ့ရှိ စာမျက်နှာ » ၁၈

ရသစုံလင် ပြုံးပျော်ရွှင် စာမျက်နှာ » ၂၀၊ ၂၁



ကြေးမုံ

# မြန်မာ့ရိုးရာတိုင်းရင်းဆေးဖြင့် ကုသရေးကြိုးပမ်း

သက်ရှိတို့သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတည်းဟူသော ရုပ်ပေါင်းရှစ်ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ထိုရုပ်ရှစ်ခုတို့သည် တစ်ခုနှင့်တစ်ခုခွဲခြား၍မရစကောင်းဟု ဆိုသည်။ ကမ္ဘာလောကတစ်ခုလုံးတွင် ဤရုပ်ရှစ်ခုအပေါင်းသည် အခြေခံအကျဆုံးရုပ်အစုများဖြစ်သည်။ သစ်ပင်၊ တောတောင်၊ ရေမြေ၊ တိရစ္ဆာန်တို့မှစ၍ သက်ရှိ၊ သက်မဲ့ရုပ်ဓာတ်မှန်သမျှသည် ဤရှစ်မျိုးဖြင့် အခြေခံအကျဆုံးပေါင်းစည်းဖြစ်ပေါ်နေကြသည်။

ဒေသနာဆေးပညာတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီးလေးပါးသည် ခန္ဓာကိုယ်ရပ်တည်နိုင်မှုအစုအဝေးဖြစ်သည်။ အဆိုပါဓာတ်ကြီးလေးပါးမျှတနေလျှင် လူ၏ခန္ဓာကိုယ်သည် ကျန်းမာရွှင်လန်းလျက်ရှိသည်။ အဆိုပါဓာတ်ကြီးများ ဖောက်ပြန်လာလျှင် ရောဂါဝေဒနာဖြစ်တော့သည်။ ရုပ်၌ ကျရောက်သော ၉၆ ပါးသော ဝေဒနာတို့သည် ဓာတ်ကြီးလေးပါး မဟာဘုတ်တရားတို့ကြောင့် “ဖြစ်၊ တည်၊ ပျက်” ပြုလုပ်နိုင်ပေသည်။ ဤမဟာဘုတ်တရားတို့သည် သက်ရှိသတ္တဝါတို့ကို မဆိုထားဘိ သက်မဲ့ဖြစ်သောအရာဝတ္ထုတိုင်းကိုပင် ဖြစ်၊ တည်၊ ပျက် ပြုလုပ်လျက် ပြုပြင်ပြောင်းလဲလျက်ရှိသည်။

ဓာတ်ကြီးလေးပါးတို့ မျှခြေပြု ဖြစ်တည်နေသော သတ္တဝါတိုင်း၊ ပုဂ္ဂိုလ်တိုင်း၌ ပြင်ပ ပယောဂတစ်ခုခု ကျရောက်မှုကြောင့် “ကံ၊ စိတ်၊ ဥတု၊ အာဟာရ” ကို အကြောင်းပြုကာ ရောဂါဝေဒနာ အနာဖြစ်ပေါ်လာသည်။ သတ္တဝါတို့၌ ဖြစ်ပေါ်လာသော အနာရောဂါတို့အား ဗုဒ္ဓ၏အဘိဓမ္မာကိုအခြေခံ၍ မြန်မာ့လူနေမှုစနစ်နှင့် ကိုက်ညီသော၊ ရိုးရာဓလေ့နှင့်စပ်ဟပ်သော ဒေသနာဆေးပညာရပ် ပေါ်ပေါက်လာခဲ့သည်။ ဒေသနာနယသည် မြတ်ဗုဒ္ဓဟောကြားသော နည်းဥပဒေကို မှီငြမ်းပြုလျက် တီထွင်ထားသောဆေးပညာဖြစ်သည်။ ဒေသနာဆေးပညာသည် ကုန်းဘောင်ခေတ်နောက်ပိုင်း ထင်ရှားလာသောဆေးပညာဖြစ်သည်။ ဒေသနာဆေးပညာသည် တိုင်းရင်းဆေးပညာစစ်စစ်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် အများပြည်သူ အစဉ်အဆက် အားကိုးအားထားပြုလာသော ပညာရပ်ဖြစ်သည်။ တိုင်းရင်းဆေးပညာကျမ်းများတွင် ရှေးယခင်ကတည်းက အဖျားရောဂါနှင့်ပတ်သက်၍ ကုသနိုင်ခဲ့သော တိုင်းရင်းဆေးဝါး အမြောက်အမြားရှိသည်။ မာဓဝနိဒါန်းဆေးကျမ်းတွင် ဝိသမအဖျားအမျိုးမျိုးအတွက် ဆေးခါးကြီးပါဝင်သော တိုင်းရင်းဆေးဖုံဖြင့် ဖော်စပ်အသုံးပြုထားသည်ကို တွေ့ရသည်။ ယခုအချိန်အခါတွင် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများတွင် အဖျားရောဂါကို အခြေခံသည့်အသက်ရှုလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသည်။ ထိုရောဂါကို အနောက်တိုင်းဆေးဝါးများဖြင့် ကုသလျက်ရှိပြီး ဒေသနာအလိုအားဖြင့် ဓာတ်ကြီးလေးပါးနှင့်မကင်းဘဲ ဖြစ်ပွားနေခြင်းသာဖြစ်သည်။ ထိုရောဂါသည် ကူးစက်မြန်ရောဂါဝေဒနာ ဖြစ်သောကြောင့် အလျှင်းပျောက်ရန် မလွယ်ကူသောအခြေအနေဖြစ်သည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရကို အကြောင်းပြု၍ ဖြစ်ပေါ်နေသော ကပ်ရောဂါအမျိုးမျိုးတို့သည် ဤကမ္ဘာလောကတွင် ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။ ထို့ကြောင့် ကုသရေးဆေးနည်းအဖုံဖုံတို့ကို တီထွင်ကြံဆနေကြရသည်။ နိုင်ငံတကာတွင်လည်း ဆေးဖက်ဝင်အပင်များဖြင့် ကိုဗစ်-၁၉ ရောဂါတွင် အသုံးပြုရန် သုတေသနပြုလုပ်နေသည်ကိုတွေ့ရသည်။ ကပ်ရောဂါ တစ်မျိုးမဟုတ်တစ်မျိုးတို့ကို ရေရှည်ကာကွယ်ကုသရန်အတွက် မြန်မာနိုင်ငံတွင်လည်း အစဉ်အလာကြီးမားသော တိုင်းရင်းဆေးပညာဖြင့် ဆေးသုတေသနဦးစီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်တို့က ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

တိုင်းရင်းဆေးဝါးများကို အသုံးပြုရာတွင် လူနာအတွက် စိတ်ချရေးသည် အရေးကြီး၍ နည်းစနစ်ကျန စမ်းသပ်သုတေသနပြုလုပ်လျက်ရှိသည်။ အကျိုးသက်ရောက်မှုရှိပါက ပြည်သူများအတွက် အမြောက်အမြားထုတ်လုပ်ပေးနိုင်လျှင် တိုင်းပြည်အတွက် လွန်စွာအကျိုးရှိမည်ဖြစ်သည်။ ရေရှည်တွင် ဆေးခါးကြီးကဲ့သို့ ဆေးဖက်ဝင်အပင်များ၊ ကုန်ကြမ်းများ လုံလောက်ရန်အတွက် ဆေးပင်များကို အဆင့်မြင့်နည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သည်။ ဆေးခါးကြီးအပင်များကို တိုင်းရင်းဆေးပညာဦးစီးဌာနရှိ ပရဆေးဥယျာဉ်ရှစ်ခု၌ စိုက်ပျိုးထားသည်။

သို့ဖြစ်ရာ ဗုဒ္ဓဟောကြား ဒေသနာတရားများနှင့်အညီ ပေါ်ပေါက်လာသော အစဉ်အလာကြီးမားသည့် မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာဖြင့် ပြည်သူများကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးရာ၌ ယနေ့လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကပ်ရောဂါဘေးကဲ့သို့ ကျရောက်လာနိုင်မည့် ရောဂါဘေးအမျိုးမျိုးတို့ကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် တစ်ဖက်တစ်လမ်းမှ ကာကွယ်ကုသနိုင်အောင် ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုလိုက်ရပါကြောင်း။ ။

# ကရင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဆန်တစ်ပြည် ငွေကျပ် ၁၀၀၀ နှင့် ကြက်ဥတစ်လုံး ငွေကျပ် ၁၀၀ နှုန်းဖြင့် အိမ်တိုင်ရာရောက် ဆက်လက်ရောင်းချပေး



**ကော့ကရိတ် စက်တင်ဘာ ၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပြည်သူများမှ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် စက်တင်ဘာ ၁ ရက်မှစ၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် မြို့တွင်းသို့ ဆန်နှင့် ကြက်ဥတို့ကို ဈေးနှုန်းသက်သာစွာဖြင့် လိုက်လံရောင်းချပေးလျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီက မနောသုခဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှင့် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် အမှတ်(၄)ရပ်ကွက်အတွင်းသို့ လိုက်လံ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အမှတ် (၄)ရပ်ကွက်အတွင်းရှိ တစ်အိမ်ထောင်လျှင် မနောသုခဆန် သုံးပြည်နှင့် ကြက်ဥ ၁၀ လုံးနှုန်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ် - ၁၉ ရောဂါ ညွှန်ကြားချက်နှင့်အညီ အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးလျက်ရှိသည်။

အလားတူ ကော့ကရိတ်မြို့၌ကျန်ရှိသည့် ရပ်ကွက်နေပြည်သူများကိုလည်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများက ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ခင်မျိုးဝင်း(ပြန် / ဆက် )

# မရမ်းကုန်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



**မရမ်းကုန်း စက်တင်ဘာ ၅**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် တိုင်းရင်းသား/ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့်ကိုင်ဆောင်သင့်သောကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် မေလ ပထမပတ်မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက အမှတ်(၈)ရပ်ကွက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်း ကြီးကြပ်မှုဖြင့် စုရပ် ခုနစ်နေရာ၌ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ပန်းခင်းစီမံချက်အား “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကို ကိုင်ကြစို့” ဆောင်ပုဒ်နှင့်အညီ လက်ရှိဇာတိ၌ အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ လက်ရှိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိသူ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုစာရင်းရှိပြီး လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း စသည့်နည်းလမ်းများဖြင့် အသက် ၁၆ နှစ်နှင့်အထက် နိုင်ငံသားအရည်အချင်း ပြည့်မီသူတိုင်းအား ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အတွင်း ကျန်ရှိနေသည့် ရပ်ကွက်များတွင်လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ဆက်လက်တည်ရှိနိုင်သည်။ ယနေ့ နံနက် ၇နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်လက်မခန့်ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - | ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - | ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | | |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင် |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဆေးရုံတိုင်း ဆေးရုံအင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်

ဆေးရုံများကိုအဆင့်မြှင့်တင်နိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဆေးရုံတိုင်းသည် ဆေးရုံအင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုခေတ်၌ နိုင်ငံတကာရှိ ဆေးရုံများ၏ ပုံသဏ္ဌာန်များ၊ အင်္ဂါရပ်များကို အလွယ်တကူ လေ့လာတွေ့ရှိနိုင်ကြောင်း၊ ထိုသို့လေ့လာ၍ မြို့နယ်၊ တိုက်နယ်၊ ခရိုင်အဆင့် ဆေးရုံများ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ICU ခန်းများရှိသည်ဖြစ်သော်လည်း ကိုဗစ်နှင့်ပတ်သက်၍ သီးသန့်ထားရှိပြီး အခြားရောဂါများအတွက်လည်း ICU ခန်းကို သီးသန့်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း နိုင်ငံတော်က လိုအပ်သည့် ကုန်ကျမှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်သရိုက်များ ရှင်းလင်းရေး၊ ခြံစည်းရိုးများကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆေးရုံဝန်ထမ်းများ၊ တပ်မတော်၊ လူမှုရေးအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division–1) နောက်ဆုံးဗိုလ်လုပွဲစဉ်ကို သွားရောက်ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှ

စံချိန် ၁ နာရီ ၃၆ မိနစ် ၄၉ စက္ကန့်ဖြင့် ပထမနေရာမှ ပန်းဝင်ခဲ့ပြီး ၎င်းနောက်မှ တရုတ်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များက ရှေ့နောက်ပန်းဝင်နိုင်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် International Army Games–2021 ပိတ်ပွဲအခမ်းအနားနှင့် ရုရှားကာကွယ်ရေးဝန်ကြီး Army General Kuzhugetovich Shoigu က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ Chief of the General Staff ဖြစ်သူ Army General Valery Gerasimov က ဂုဏ်ပြုချီးကျူးကြောင်းနှင့် ပြိုင်ပွဲဝင်အသင်းသားများနှင့် ပူးပေါင်းပါဝင်ယှဉ်ပြိုင်ရန်စေလွှတ်ပေးသည့် နိုင်ငံများ၏ အကြီးအကဲများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူအသီးသီးက တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division–1) တွင်ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်တင့်တပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး Entertainment များဖြင့် ဖျော်ဖြေဧည့်ခံကြပြီးနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Kuzhugetovich Shoigu က Video မှတစ်ဆင့် အခမ်းအနားကို ပိတ်သိမ်းပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တက်ရောက်လာကြသည့် နိုင်ငံအလိုက်မှ တပ်မတော်အရာရှိကြီးများသည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

အဆိုပါ International Army Games–2021 ကို နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စစ်မြေပြင်စွမ်းရည်ပြိုင်ပွဲ ၃၄ မျိုး ပါဝင်ကာ ရုရှားနိုင်ငံအပါအဝင် ၁၂ နိုင်ငံ၌ ပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် စတုတ္ထအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ၊ လေကြောင်းချီတပ်စုများ စွမ်းရည်ပြိုင်ပွဲများအပြင် ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ Creative Competition တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၄ သို့ ●





အခမ်းအနားတက်ရောက်လာကြသူများက တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division–1) နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးစဉ်။

● စာမျက်နှာ ၃ မှ

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာ့တပ်မတော်မှ တင့်တပ်ဖွဲ့ဝင်များက တင့်ကားမောင်းနှင်ပစ်ခတ်ခြင်း ပြိုင်ပွဲ Tank Biathlon (Division-2)၌ စံချိန် ၂ နာရီ ၂၈ မိနစ် ၀၅ စက္ကန့်ဖြင့် တတိယနေရာ၌ လည်းကောင်း၊ မြန်မာ့တပ်မတော်မှ ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များက ရိုးရာဝတ်စုံဖြင့် ဖျော်ဖြေတင်ဆက်ပြသမှုတွင် ပထမဆု၊ ရုရှားသီချင်းဖြင့် တစ်ဦးချင်းသီဆိုဖျော်ဖြေတင်ဆက်မှုတွင် ဒုတိယဆု၊ နိုင်ငံ့ရိုးရာ ယဉ်ကျေးမှုကို ပေါ်လွင်ထင်ဟပ်အောင်ဖျော်ဖြေတင်ဆက်ပြသမှုတွင် ဒုတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့်ပရိသတ်များ၏ မဲပေးရွေးချယ်မှုတွင်လည်း တတိယဆုကိုရရှိအောင် အသီးသီး စွမ်းဆောင်နိုင်ခဲ့သည်။ ထို့ပြင် ဆေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပြိုင်ပွဲဝင်အသင်း ကိုးသင်းအနက် အဆင့် ၆ နေရာတွင် လည်းကောင်း၊ လေကြောင်းချီတပ်ဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်အသင်း ၁၈ သင်း အနက် အဆင့် ၇ နေရာတွင် လည်းကောင်း အသီးသီး ရပ်တည်နိုင်ခဲ့အောင် စွမ်းဆောင်နိုင်ခဲ့ ကြသည်။

မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲများတွင် နိုင်ငံတကာ စစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **မြန်မာ့တပ်မတော်မှ တင့်တပ်ဖွဲ့ဝင်များက တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division-2)၌ စံချိန် ၂ နာရီ ၂၈ မိနစ် ၀၅ စက္ကန့်ဖြင့် တတိယနေရာ၌ လည်းကောင်း၊ မြန်မာ့တပ်မတော် မှ ယဉ်ကျေးမှုတပ်ဖွဲ့ဝင်များက ရိုးရာဝတ်စုံဖြင့် ဖျော်ဖြေတင်ဆက်ပြသမှုတွင် ပထမဆု၊ ရုရှားသီချင်းဖြင့် တစ်ဦးချင်းသီဆိုဖျော်ဖြေတင်ဆက်မှုတွင် ဒုတိယဆု၊ နိုင်ငံ့ရိုးရာ ယဉ်ကျေးမှုကို ပေါ်လွင်ထင်ဟပ်အောင် ဖျော်ဖြေတင်ဆက်ပြသမှုတွင် ဒုတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ်မှုတွင်လည်း တတိယဆုကိုရရှိအောင် အသီးသီးစွမ်းဆောင်နိုင်ခဲ့**

❖ **ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြိုင်ပွဲဝင်အသင်း ကိုးသင်းအနက် အဆင့် ၆ နေရာတွင်လည်းကောင်း၊ လေကြောင်းချီတပ်ဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်အသင်း ၁၈ သင်းအနက် အဆင့် ၇ နေရာတွင်လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့အောင် စွမ်းဆောင်နိုင်ခဲ့**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါ ခံတက်ခွဲအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ငါးလုံး၊ Flow Meter နှစ်စုံ၊ မျက်နှာအကာ ငါးခု၊ နှာခေါင်းစည်း ၅၀ တို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးမြို့တို့ရှိ ပြည်သူ့ဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် နှာခေါင်းစည်းများနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများကိုလည်းကောင်း တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် နယ်မြေခံ တပ်မတော်သားများက သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် ရောဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် လူထုအခြေပြုဖျားနာကု ဆေးခန်းပြင်ဆင်ထားရှိမှုနှင့် ကုသပေးနေမှု အခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကုသရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကလေးမြို့ သီတဂူစကြ္ဝာဒါနဆေးရုံ၌ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ၂၀၀ လုံး ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက် ထုတ်လုပ်လည်ပတ်မှုများကိုလည်းကောင်း တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## ရေကြည်မြို့နယ် ဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ရေကြည် စက်တင်ဘာ ၅**

ရေရှည်စဉ်ဆက်မပြတ်ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးသယံဇာတများတိုးပွားပြီး ငါးရိက္ခာဖူလုံစေရန်ရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်မြစ်အတွင်း ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့ ရေ့ဆောင်ရပ်ကွက် သောင်ရွာကူးတို့ဆိပ်၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ပုသိမ်ငါးလုပ်ငန်းစခန်းမှ (၂)လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်းကောင်ရေ နှစ်သိန်း ငါးမျိုးစိုက်ထည့်ခဲ့သည်။ ရေကြည်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်သဘာဝရေပြင် ဝန်မြစ်အတွင်း စုစုပေါင်းငါးသားပေါက်ကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအချိန်ထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၇၉ ဦးနှင့် အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၁၆၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခံတက်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၅ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၄၈ ဦး၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခံတက်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၁၉ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၈ ဦးအား အသီးသီးလက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခံတက်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ဝန်မြစ်ရေ သာပေါင်းမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်**

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့ မွန်းလွဲ ၁နာရီခွဲ တိုင်းထွာချက်အရ ဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရှမ်းပြည်နယ်နှင့် မိတ္ထီလာခရိုင်ရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ရွှေညောင်မြို့ အားကစားကွင်းနှင့် မြို့နယ်ဦးစီးဌာနရုံးနှင့် နေအိမ် တည်ဆောက်နေမှုနှင့် အောင်ပန်းမြို့နယ် အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံနှင့် ဘောလုံးကွင်းအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားကစားကွင်း/အားကစားရုံများအား မပျက်စီးစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မြို့နယ်အတွင်းရှိလူငယ်များ အားကစားကို စိတ်ပါဝင်စားပြီး လာရောက် ပျော်ရွှင်စွာ ကစားနိုင်အောင် စည်းရုံးရန် မှာကြားခဲ့သည်။

ယင်းနောက် မိတ္ထီလာခရိုင် ဘောလုံးအားကစားကွင်းအား ကြည့်ရှုစစ်ဆေး၍ အားကစားကွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ လူငယ်များ အားကစားကို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် လာရောက်ကစားရေးကိစ္စရပ်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လှိုင်မြစ် - လှော်ကားရေအားဖြည့်စီမံကိန်း ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ မအူကုန်း စည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး/ပုစွန် အမျိုးမျိုးတို့ကို ရွေ့လျားဈေးကား(Mobile Market) စနစ်ဖြင့် ရောင်းချနေမှုအား ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်နှင့် ပြည်သူများ ဈေးနှုန်းသက်သာစွာ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဈေးဝယ်ယူနိုင်ရန် လိုင်စင်စီများမှ ရောင်းချသည့် အသားမျိုးစုံကို မြို့နယ်များအတွင်း လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ဗဟန်း၊ လမ်းမတော်၊ လသာ၊ သာကေတနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်များကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ခေမာသီလမ်း ဝေပုလ္လအိမ်ရာ(၂)၌ ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ အရှည်ပေ ၂၅၀ ရှိ ရေမြောင်းတူးဖော် ရှင်းလင်းနေမှုနှင့် မြောင်းတစ်လျှောက် မြေထိန်းနံရံပြုလုပ်နေမှု၊ (ဠ)ရပ်ကွက် ခေမာသီလမ်းနှင့် သုခမ္မာလမ်းထောင့်ရှိ ကန်သာယာပန်းခြံ၌ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ မြေယာရှုခင်းပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မှော်ဘီမြို့နယ် ဆန်စပါး သုတေသနဌာန မြေနေရာဝင်းအတွင်း လှိုင်မြစ် – လှော်ကား ရေအားဖြည့်စီမံကိန်း ရေတွန်းစက်ရုံ တည်ဆောက်ရေး ရှင်းလင်းဆောင်၌ အင်ဂျင်နီယာဌာန(ရေပေးဝေရေးနှင့်သန့်ရှင်းမှု)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု၊ စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က စီမံကိန်းအား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအပြီး ဆောင်ရွက်ရန်နှင့် စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်မှု ထိခိုက်မှုမရှိစေရေး ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားပြီး ရေတွန်းစက်ရုံ တည်ဆောက်ရန် Sheet Pile ရိုက်ခြင်းလုပ်ငန်း၊ အနည်ထိုင်ကန် တူးဖော်ခြင်းလုပ်ငန်းနှင့် ပြည်လမ်းတစ်လျှောက် 1600 mm HDPE ပိုက် ဆက်သွယ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

လှိုင်မြစ်–လှော်ကား ရေအားဖြည့်စီမံကိန်းသည် ရန်ကုန်မြို့နေပြည်သူများသို့ အဓိက သောက်သုံးရေပေးဝေလျက်ရှိသည့် လှော်ကားရေလှောင်ကန်ကြီးအား ရေသိုလှောင်မှုပမာဏ မလျော့ကျစေရေးအတွက် မှော်ဘီမြို့နယ် ကန်ကလေးလျှပ်စစ် မြစ်ရေတင် PS 1 နှင့် PS 2 မှ လှိုင်မြစ်ရေအားရယူပြီး ဖူးကြီးရေလှောင်ကန်မှ လှော်ကားရေလှောင်ကန်သို့ ရေဖြည့်တင်းလျက်ရှိသည့် အချင်း လက်မ ၆၀ ရှိ သံဖြူကွန်ကရစ် ရေပို့ပိုက်လိုင်းသို့ 1600mm HDPE ပိုက်အား ချိတ်ဆက်၍ လှော်ကား ရေလှောင်ကန်သို့ တစ်နေ့လျှင် ရေဂါလန် သန်း ၆၀ ဖြည့်တင်းပေးမည့် စီမံကိန်းဖြစ်ပြီး လာမည့်နွေရာသီတွင် လှော်ကားရေလှောင်ကန်မှတစ်ဆင့် ရန်ကုန်မြို့အား သောက်သုံးရေ ဖူလုံစွာ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားမှုကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် စက်တင်ဘာ ၄ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံ သင်တန်းကျောင်းတွင် မွေးမြူထားရှိသော နို့စားနွားမွေးမြူရေးခြံနှင့် နွားရွှေနီ မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦးနှင့် အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၆၆ ဦးနှင့် လောက်ကိုင်မြို့သို့ ဝင်ရောက်လာသည့် အမျိုးသား သုံးဦးတို့ကို အသီးသီးလက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုအဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နိုင်ငံသားတိုင်း ခေတ်မီတိုးတက်စေဖို့ စာပေမီးရှူးတိုင်ထွန်းကြစို့

**မေယု-မျိုးအောင် (MANA)**

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (The United Nations Educational, Scientific and Cultural Organization – UNESCO) က ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ကျင်းပသည့် (၁၄) ကြိမ်မြောက် UNESCO ညီလာခံ၌ နှစ်စဉ်စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ်သတ်မှတ်ကြေညာခဲ့သည်။ UNESCO အဆိုအရ ကမ္ဘာ့လူဦးရေ ၇၈၁ သန်းခန့်သည် အခြေခံစာကိုပင် ရေးနိုင်၊ ဖတ်နိုင်စွမ်းမရှိသေးဟု ဆိုသည်။ တောင်အာရှနှင့် အနောက်အာရှဒေသတွင် အရွယ်ရောက်သူ စာတတ်မြောက်မှုနှုန်းသည် အနိမ့်ဆုံးဖြစ်ပြီး ပြည်သူ ၅၈ ဒသမ ၆ ရာခိုင်နှုန်းသာ စာတတ်ကြသည်။

**ကမ္ဘာ့လူဦးရေ၏ ၁၇ ရာခိုင်နှုန်းသာကျန်ရှိ**

အာဖရိကဒေသသည် ၅၉ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး အာရပ်ဒေသသည် ၆၂ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ကမ္ဘာ့စာတတ်မြောက်မှုအနိမ့်ဆုံးနိုင်ငံများမှာ ဘာကီနာဖာဆို (၁၂ ဒသမ ၈ ရာခိုင်နှုန်း)၊ နိုင်ဂျာ (၁၄ ဒသမ ၄ ရာခိုင်နှုန်း)နှင့် မာလီ (၁၉ ရာခိုင်နှုန်း) တို့ဖြစ်ကြသည်။ ၂၀၃၀ ပြည့်နှစ်အထိ ကမ္ဘာတစ်ဝန်းရှိ လူငယ် ၂၀ ရာခိုင်နှုန်းနှင့် အရွယ်ရောက်သူ ၃၀ ရာခိုင်နှုန်းခန့်သည် စာဖတ်နိုင်လိမ့်မည်မဟုတ်ကြောင်း သိရသည်။ ကမ္ဘာ့ပြည်သူများသည် စာတတ်မြောက်မှုနှုန်း မြင့်တက်လာလျက်ရှိသည်။ ၁၈၂၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းသာ စာဖတ်တတ်ပြီး လက်ရှိအချိန်တွင် စာမတတ်သူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၁၇ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်ဟု သိရသည်။

လူတစ်ဦးသည် စာဖတ်တတ်၊ ရေးတတ်၊ အခြေခံကိန်းဂဏန်းများကို တွက်ချက်တတ်လျှင် စာတတ်မြောက်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ စာတစ်စောင်ကို ဖတ်ရှုပြီးနောက် ခွဲခြားစိတ်ဖြာနိုင်ခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် အဓိပ္ပာယ်ကောက်ယူနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဆိုလျှင်လည်း စာတတ်မြောက်သည်ဟု ဆိုနိုင်သည်။ တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခြင်း၊ အသိပညာဗဟုသုတ တိုးပွားအောင် လေ့လာ




အားထုတ်မှုနှင့် လူမှုဆက်ဆံရေးနယ်ပယ်ကျယ်ပြန့်လာအောင် တည်ဆောက်ခြင်းတို့လည်း ပါဝင်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်း နှစ်စဉ်စက်တင်ဘာလ ၇ ရက်နေ့မှစတင်၍ ၈ ရက်နေ့အထိ စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသည့် လူထုပညာရေးသင်တန်းများ၊ အခြေခံစာတတ်မြောက်ရေးသင်တန်းများ၊ အခြေခံပညာမူလတန်းကျောင်းမရှိသောဒေသများတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖွင့်လှစ်ပြီး စတင်သင်ကြားမှုများဖြင့် ကြိုးပမ်းဖော်ဆောင်ခဲ့သဖြင့် ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့သည်။

၁၉၆၄ ခုနှစ် နွေရာသီတွင် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာ၌ အခြေခံစာတတ်မြောက်ရေးဖြစ်သည့် အရေး၊ အဖတ်၊ အတွက်တို့ တတ်မြောက်ရန် စတင်စမ်းသပ်သင်ကြားပေးခဲ့သည်။

ရန်ကုန် ဆရာအတတ်သင်သိပ္ပံကျောင်းမှ ကျောင်းသားလေးဦးသည် ထိုကျေးရွာရှိ ကျောင်းနေအရွယ်လွန် စာမတတ်သူများအား အခြေခံစာတတ်မြောက်မှုဖြစ်သည့် အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် “အ” သုံးလုံးအစ “မိတ္ထီလာ” ကဟုဆိုသောစကားကို လူထုနှုတ်ဖျားတွင် သမိုင်းဝင်ပြောစမှတ်ပြုခဲ့ရသည်။

**လူထုလှုပ်ရှားမှုအသွင်ဖြင့်**

၁၉၆၆ ခုနှစ်တွင် စာတတ်မြောက်ရေးဗဟိုကော်မတီဖွဲ့စည်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဆောင်ရွက်ခဲ့သည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးရှိ ပြည်သူများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသဖြင့် **ယူနက်စကိုအဖွဲ့ကြီးက ၁၉၇၁ ခုနှစ်တွင် “မိုဟာမက်ရီဇာပါလာဗီ” ဆုကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် “နိုမာ” ဆုကိုလည်းကောင်း၊ ထိုက်တန်စွာပေးအပ်ချီးမြှင့်ခဲ့သည်။**

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် တည်တံ့စွာရပ်တည်နိုင်ခဲ့သော ရှေးခေတ်ဘုရင်များလက်ထက်က စာတတ်မြောက်မှုနှုန်းမြင့်မားခဲ့သည်။ ထိုခေတ်က ဘုန်းတော်ကြီးသင်စာပေသင်ကြားမှု အကျိုးကျေးဇူးများကြောင့် စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းအထိပင်ရှိခဲ့သည်။ သို့သော် ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးပြန်လည်ရရှိသည့်အချိန်အခါတွင်မူ နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းအထိ ထိုးကျသွားခဲ့ခြင်းသည် ဝမ်းနည်းဖွယ်ရာဖြစ်ရပ်ပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာ တိုးတက်မှုအရှိန်ကြောင့် လကမ္ဘာသို့တိုင် လူသားများခြေချနိုင်သော်လည်း ကမ္ဘာမြေပေါ်တွင် စာမတတ်မြောက်သူ ကျန်ရှိနေဆဲဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်တစ်ရပ်ထားရှိပြီး ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို သက်ဆိုင်ရာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိသည်။ ၂၁ ရာစုကို ပညာခေတ်ဟုခေါ်တွင်နေကြပြီး စာဖတ်တတ်ရန်သာမက မြန်မာ့အရေးနှင့် ကမ္ဘာ့ရေးရာ ဗဟုသုတအဖြာဖြာကို လေ့လာသိရှိ တွေးခေါ်မြော်မြင်နိုင်သည်အထိ အကျိုးဖြစ်ထွန်းမှုရှိပေသည်။

စာတတ်မြောက်ခြင်းသည် လူသားများအတွက် စွမ်းအားတစ်ရပ်ဖြစ်ရာ လူတိုင်းစာတတ်မြောက်ရန် အရေးပါသကဲ့သို့ စာတတ်သူတိုင်း မိမိတတ်ပြီးသည့်စာ မမေ့စေရေး အရေးကြီးသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ပေါ်စကပင် မြန်မာတို့၏စာပေသည် ကျောက်စာများ၊ ပုရပိုက်စာများဖြင့် စာပေရေးသားမှုပုံသဏ္ဌာန်အဆင့်ဆင့် ပုဂံ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းမှသည် ယနေ့ကာလတိုင် တိုးတက်ပြောင်းလဲလာခဲ့သည်။ မြန်မာစာပေသမိုင်းသည် မြန်မာတို့၏ဇာတိမာန်၊ အရည်အသွေး၊ အတွေးအခေါ် အသိပညာဆိုင်ရာမြင့်မားမှုပြယုဂ်များပင် ဖြစ်သည်။ အမျိုးသမီးများ စွမ်းရည်မြင့်မားရေးအတွက် စာတတ်မြောက်ခြင်းက အဓိကကျသည့် အခန်းကဏ္ဍကပါဝင်နေကြောင်း မီးမောင်းထိုးပြထားသည်။ စာတတ်မြောက်ခြင်းသည် အမျိုးသမီးတို့၏ ဘဝလူနေမှုအဆင့်အတန်းကိုသာမက ၎င်းတို့၏မိသားစု၊ ရပ်ရွာလူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ အမျိုးသမီးများ စာတတ်မြောက်ရေးသည် အဓိကတွန်းအားပေးမှုခံရသော လုပ်ငန်းတစ်ရပ်ဖြစ်လာသည်။ စာပေတတ်မြောက်ခြင်းဖြင့် ဘဝအလင်းထိန်လင်းစေမည်ဖြစ်သည်။

**စာအုပ်စာပေများသာဖြစ်**

စာတတ်မြောက်ခြင်းနှင့် စာပေဖတ်ရှုခြင်းသည် လူသားများအတွက် စွမ်းအားတစ်ရပ်ဖြစ်ပေရာ လူတိုင်းစာတတ်မှ စာဖတ်နိုင်မည်။ ဖတ်ရန်စာများလည်း စာကြည့်တိုက်တွင် အသင့်ရှိပေသည်။ လူတစ်ဦးချင်းမှ မိသားစုနှင့် ပတ်ဝန်းကျင် လူမှုဆက်ဆံရေးကို စာပေတန်ခိုးဖြင့် တိုးတက်ဖြစ်ထွန်းစေနိုင်သည်။ စာပေမှ အသိပညာဗဟုသုတများ ရရှိစေသဖြင့် တွေးခေါ်မြော်မြင်မှုကို မြင့်မားစေပြီး မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်အဝရရှိစေသည်။ စာတတ်မြောက်ရေးကို လျစ်လျူရှုပြီး စာပေနှင့် ဝေးကွာသူတို့က ဒုက္ခဆင်းရဲတွင်းကျသည့်ဘဝမျိုးတွင် စမ်းတဝါးဝါးလျှောက်လှမ်းရင်း လမ်းပျောက်ရသကဲ့သို့ မှောင်မိုက်သောဘဝတွင် အလင်းပျောက်ပေလိမ့်မည်။ ဘဝအလှဖန်ဆင်းရှင်မှာ ပညာမီးရှူးတိုင်မှ လင်းထိန်ဖြာထွက်လာသည့် စာအုပ်စာပေများသာဖြစ်ပေသည်။

ကမ္ဘာ့ကုလသမဂ္ဂ စစ်တမ်းကောက်ယူချက်အရ အနောက်နိုင်ငံများ၌ စာတတ်မြောက်သူဦးရေမှာ ၉၀ ရာခိုင်နှုန်း ဖြစ်သည်။ စာတတ်မြောက်မှု ၁၀၀ ရာခိုင်နှုန်းရှိသည့် အနောက်နိုင်ငံ ၁၅ နိုင်ငံပင်ရှိသည်။ အနောက်နိုင်ငံများတွင် အခြေခံပညာသင်ယူတတ်မြောက်ပြီးသည့် အရေအတွက်မှာ ၉၈ ရာခိုင်နှုန်းရှိသည်။ အမေရိကန်နိုင်ငံတွင် လူတစ်သန်းလျှင် သိပ္ပံပညာရှင် လေးထောင်နှုန်းရှိသည်။ ဂျပန်နိုင်ငံတွင် လူတစ်သန်းလျှင် သိပ္ပံပညာရှင် ငါးထောင်နှုန်းရှိသည်။ အမေရိကန်နိုင်ငံတွင် တက္ကသိုလ်ပေါင်း ၅၇၅၈ ကျောင်းရှိနေသည်။ အိန္ဒိယနိုင်ငံတွင် တက္ကသိုလ်ကျောင်းပေါင်း ၈၄၀၇ ကျောင်းရှိနေသည်။ ပညာမဲ့လျှင် စိတ်ဓာတ်ခွန်အားချည့်နဲ့စေသည်။ ခေတ်မီနည်းပညာ အသုံးမပြုနိုင်လျှင် အနာဂတ်ကာလဖွံ့ဖြိုးတိုးတက်မှုမှာ နည်းပညာအဆင့်အတန်းမြင့်မားသူများအတွက်သာ တစ်ဖက်စောင်းဖြစ်သွားနိုင်သည်။

စာမျက်နှာ ၇ သို့ ◆

**စာတတ်မြောက်ခြင်းနှင့် စာပေဖတ်ရှုခြင်းသည် လူသားများအတွက် စွမ်းအားတစ်ရပ်ဖြစ်ပေရာ လူတိုင်းစာတတ်မှ စာဖတ်နိုင်မည်။ ဖတ်ရန်စာများလည်း စာကြည့်တိုက်တွင် အသင့်ရှိပေသည်။ လူတစ်ဦးချင်းမှ မိသားစုနှင့်ပတ်ဝန်းကျင် လူမှုဆက်ဆံရေးကို စာပေတန်ခိုးဖြင့် တိုးတက်ဖြစ်ထွန်းစေနိုင်သည်။ စာပေမှ အသိပညာဗဟုသုတများ ရရှိစေသဖြင့် တွေးခေါ်မြော်မြင်မှုကို မြင့်မားစေပြီး မိမိကိုယ်မိမိယုံကြည်မှုအပြည့်အဝရရှိစေသည်။ စာတတ်မြောက်ရေးကို လျစ်လျူရှုပြီး စာပေနှင့် ဝေးကွာသူတို့က ဒုက္ခဆင်းရဲတွင်းကျသည့်ဘဝမျိုးတွင် စမ်းတဝါးဝါးလျှောက်လှမ်းရင်း လမ်းပျောက်ရသကဲ့သို့ မှောင်မိုက်သောဘဝတွင် အလင်းပျောက်ပေလိမ့်မည်။ ဘဝအလှဖန်ဆင်းရှင်မှာ ပညာမီးရှူးတိုင်မှ လင်းထိန်ဖြာထွက်လာသည့် စာအုပ်စာပေများသာဖြစ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်တွင်အသုံးပြုရန် ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း



**ပဲခူး စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဧည့်ခန်းမသို့ ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွင် အသုံးပြုရန်အတွက် Titans Thiha Group of Co.,Ltd ၊ Mingalar Than Myaint Energy Co., Ltd နှင့် ငွေးနန္ဒာမြင့်ကင်ဆာဖောင်ဒေးရှင်းတို့က ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းသည်။

ရှေးဦးစွာ Mingalar Than Myaint Energy Co.,Ltd၏ မန်နေဂျာက ကျန်းမာရေးသုံး အထောက်အကူပြု ပစ္စည်းများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်တွင် အသုံးပြုရန်အတွက် အိမ်သုံးအောက်ဆီဂျင်စက်နှစ်လုံးနှင့် ကျန်းမာရေးသုံး အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး( ပဲခူး)

# လက်ပံတန်းမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ချေးငွေများထုတ်ချေး

**လက်ပံတန်း စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်မှ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် (CERP)အရ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ချေးငွေများကို ရေနောက်ရွာသစ်ကျေးရွာ၌ စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းချေးငွေများ ထုတ်ချေးပေးရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသက်စိုးနှင့် ဝန်ထမ်းများက Online စနစ်မှ Video Call ဖြင့် ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ရေနောက်ရွာသစ်ကျေးရွာမှ ကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူစုစုပေါင်း ၇၅ ဦးထံသို့ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ချေးငွေကျပ်သိန်း ၂၀၀ ကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် စနစ်တစ်ကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မင်းမြင့်မိုရ်

## များများစာဖတ်ကြပါစို့

☆ လူဆိုသည်မှာ၊ အစာအာဟာရ
မှီဝဲမှသာ၊ ခန္ဓာဖွံ့ထွား
ကြီးမားကြံ့ခိုင်၊ ဖြစ်စေနိုင်၏။

☆ လူဆိုသည်မှာ၊ စိတ်အာဟာရ
လိုအပ်လှ၏၊ လောကထဲဝယ်
ဝေ့လည်ဝေဝါး၊ မစဉ်းစားနိုင်
မခိုင်စိတ်ထား၊ မှန်မှားမသိ
မရှိစေရန်၊ လမ်းမှန်စိတ်ထား
နှလုံးသားရင့်ကျက်၊ ခဲခက်ပြဿနာ
ဖြေရှင်းရာမှာ၊ စာပေအသိ
စာနှင့်ညှိပြီး၊ စာသိမှတစ်ဆင့်
သိဉာဏ်ပွင့်၍၊ ထပ်ဆင့်ချင့်တွေး
အလေးထားစရာ၊ စာပေသာမို့
ဖတ်ပါတွေးပါ၊
စာပေသည်သာအခရာ။

☆ အတွေးတိမ်တိမ်၊ မှေးမမှိန်အောင်
တွေးတိမ်အမှား၊ မဖြစ်ပွားအောင်
မှန်မှားအသိ၊ အရှိတရား
လက်ကိုင်ထားလျက်
များများစာဖတ်ကြပါစို့။ ။

(နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုစပ်ဆိုပါသည်)

**သန်းမြင့်ညိမ်း(ပုသိမ်)**

◆ စာမျက်နှာ ၆ မှ

**စာတတ်မြောက်ရေး သမိုင်းဝင်လှုပ်ရှားမှု**

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေး သမိုင်းဝင်လှုပ်ရှားမှုကြီးသည် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၂၄ နှစ်တာကာလအတွင်း တက္ကသိုလ်ကျောင်းသား ကျောင်းသူ သုံးသိန်းခန့်က လုပ်အားပေးခဲ့ကြကာ ပြည်သူပေါင်း နှစ်သန်းလေးသိန်းကျော် စာတတ်မြောက်သွားခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်ကာလတွင် ၃၅ ရာခိုင်နှုန်းမှ ၁၉၆၃ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်းအထိ မြင့်တက်လာ၏။ ၁၅ နှစ်အတွင်း ၂၂ ရာခိုင်နှုန်း တိုးတက်လာသည့် အကြောင်း ထိုစဉ်က ပညာရေးကောင်စီက လူထုပညာရေးသင်တန်းနှင့် “အ” သုံးလုံးကျေသင်တန်းများဖွင့်ခဲ့ခြင်း၊ တပ်မတော်တွင် “အ” သုံးလုံးသင်တန်းဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။

၁၉၆၄ ခုနှစ်၌ စာတတ်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ “တစ်အိမ်လုံးစာတတ်ဖို့ တစ်ရပ်လုံးကူညီ”၊ “စာမတတ်သူတို့ ဝိုင်းကူ” စသော ကြွေးကြော်သံဆောင်ပုဒ်များဖြင့် အားပေးခဲ့ရာ ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းအထိ တိုးတက်လာကြသည်။ ရပ်ရွာပညာပဒေသာဌာနများ၏ အားဖြင့်လည်း စာတတ်မြောက်ရေးကို စွမ်းဆောင်နိုင်သည်။ အခြေခံစာတတ်မြောက်ရေး၏ ရည်ရွယ်ချက်မှာ လက်ရေးမူ (သို့မဟုတ်) ပုံနှိပ်မူကို ကောင်းစွာဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်ရန်ဖြစ်သည်။ သတင်းစာ၊ ဂျာနယ်ဖတ်ခြင်း၊ ဆိုင်းဘုတ်ခေါင်းစဉ်များ ဖတ်ခြင်းဖြင့် **စာတိုင်ညီထုံး** နှလုံးမူသင့်သည်။ ရပ်ရွာပညာပဒေသာဌာနများတွင်လည်း ဆည်းပူးရာ၏။ အဆင့်အတန်းအမျိုးမျိုးကို သင်ယူရရှိရာဌာနသည် ရပ်ရွာပညာပဒေသာဌာနများဖြစ်သည်။ ဤဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ၂၁ ရာစု စာတတ်မြောက်ရေးကို အထောက်အကူပြုနေမည်သာ ဖြစ်သည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်မည့်မြန်မာနိုင်ငံသည် လူတိုင်းအတွက် ပညာရေးအစီအစဉ်ကို ဦးလည်မသုန်ထမ်းရွက်၍ စာတတ်မြောက်ရေးကို အောင်မြင်အောင်ဆောင်ရွက်ရန် အထူးလိုအပ်သည်ဖြစ်ရာ ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ လူတိုင်းစာတတ်မြောက်ရေးကို အခြေခံအကျဆုံးပညာရေးအဖြစ် အလေးအနက်ခံယူခဲ့သည်။ ကုလသမဂ္ဂ၏ ဆယ်စုနှစ်စာတတ်မြောက်ရေးကို ဝိုင်းဝန်းကူညီရာရောက်မည်ဟု နှလုံးသွင်းခဲ့သူတို့၏ စေတနာက ၂၁ ရာစု စာတတ်မြောက်ရေးကို ကမ္ဘာတစ်ဝန်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မှုပြယုဂ်ဖြစ်တော့သည်။

၁၉၈၈ ခုနှစ် အခြေခံစာရင်းဇယားများအရ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၈၀ ဒသမ ၈၄ ရာခိုင်နှုန်းရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကို ကျင်းပပြီးနောက် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းကို ပညာရေးစီမံကိန်းအသွင်ဖြင့် ရေးဆွဲဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနက ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးအလိုက် မိမိဒေသ၏ လိုအပ်ချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်များကို ရေးဆွဲဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှစ၍ လူတိုင်းအတွက် ပညာရေးစီမံကိန်းရေးဆွဲချမှတ်ဆောင်ရွက်မှုကြောင့် ၂၀၀၀ ပြည့်နှစ်၌ သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၁ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းမှ ၉၅ ဒသမ ၀၈ ရာခိုင်နှုန်း ရရှိခဲ့သည်။

**စာသင်ဝိုင်းပေါင်း ၂၀၁၅ ခု**

တက္ကသိုလ်ရှစ်ခုမှ စေတနာ့ဝန်ထမ်း စာတတ်မြောက်ရေးလုပ်အားပေးကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူများလိုက်ပါလျက် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ ၄၅ ရက်တာကာလအတွင်း ကရင်ပြည်နယ်တွင် ဘားအံမြို့နယ်၊ မွန်ပြည်နယ်တွင် မုဒုံမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်၊ ချင်းပြည်နယ်တွင် တီးတိန်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ချောင်းဦးမြို့နယ်၊ ရေဦးမြို့နယ်နှင့် တမူးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ငဖဲမြို့နယ်နှင့် ရေစကြိုမြို့နယ်များသို့ သွားရောက်၍ နွေရာသီစာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြသည်။ ပညာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ စာရင်းပြုစုမှုအရ စာသင်ဝိုင်းပေါင်း ၂၀၁၅ ခုတွင် သင်ယူသူစုစုပေါင်း ၂၂၄၁၇ ဦးရှိခဲ့သည်။

မြန်မာနိုင်ငံတွင် တစ်ချိန်က စာတတ်မြောက်မှုမရှိသူတို့အပေါ် “စာပေမတတ် ကြက်ခြေခတ်” ဟု ခိုင်းနှိုင်းပြောဆိုလေ့ရှိရာမှ ယခုအခါ လက်ကိုင်ဖုန်းမသုံးတတ်ခြင်းမှအစပြု၍ ကွန်ပျူတာ၊ အင်တာနက်မသုံးတတ်သည့် အနေအထားမျိုးကို “ဒစ်ဂျစ်တယ်စာမတတ်မှု”ဟု နှိုင်းယှဉ်ပြောဆိုလာရသည်။ ဒစ်ဂျစ်တယ်စာတတ်မြောက်မှုဟူသည် ဒစ်ဂျစ်တယ်ပစ္စည်းများကို အသုံးပြုကာ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ရှာဖွေခြင်း၊ စုစည်းခြင်း၊ သဘောပေါက်စေခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သတင်းအချက်အလက်ပိုင်းဆိုင်ရာကို ထိရောက်စွာ အသုံးပြုခြင်းဖြစ်သည်။ သတင်းနှင့်နည်းပညာခေတ်တွင် လူတိုင်းက တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အလွယ်တကူရရှိနိုင်သည်။ ပုံမှန်မီဒီယာထက်သာလွန်၍ အွန်လိုင်းပေါ်ရှိသတင်းများကို ကိုယ်နှင့်မကွာ ဖတ်ရှုနိုင်လာသည်။

နည်းပညာတိုးတက်မှု မြန်ဆန်နေသည့် ယနေ့ကာလတွင် သုံးစွဲသူတိုင်းက ဒစ်ဂျစ်တယ်ဆိုင်ရာ တတ်သိနားလည် အကျွမ်းဝင်ရေးကို မဖြစ်မနေ လေ့လာဆည်းပူးကြရသည်။ ဒစ်ဂျစ်တယ် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဝိုင်းဝန်းလုပ်ဆောင်လာကြရသည်။ နေ့စဉ်နှင့်အမျှ ဖြစ်ထွန်းနေသည့် အဆင့်မြင့်နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းမှန်သမျှကို လုပ်ဆောင်လာနိုင်မည်ဖြစ်ပြီး ထိုနည်းပညာများကို မည်သို့မည်ပုံအသုံးပြုရမည်ကို သိရှိခြင်းကပင်လျှင် ဒစ်ဂျစ်တယ်စာတတ်မြောက်ခြင်းဖြစ်သည်ဟု လက်ခံလာကြရသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၏ စာတတ်မြောက်နှုန်းကို နှိုင်းယှဉ်တင်ပြရလျှင် လူဦးရေထူထပ်သောနိုင်ငံများ၊ ပြည်တွင်းငြိမ်းချမ်းရေးလိုအပ်နေသောနိုင်ငံများ အာဖဂန်နစ္စတန်၊ တောင်ဆူဒန်၊ ဆိုမာလီယာ၊ စားနပ်ရိက္ခာအကျပ်အတည်းနှင့် ကြုံတွေ့နေရသည့် အာဖရိကနိုင်ငံများ အီသီယိုးပီးယားတို့တွင် စာတတ်မြောက်နှုန်းသည် ၅၀ ရာခိုင်နှုန်းအောက်တွင်သာရှိကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးသောနိုင်ငံများ (အင်ဒိုရာနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ လင်ချီစတိုင်း၊ လူဇင်ဘတ်၊ နော်ဝေနိုင်ငံ) တို့၏ စာတတ်မြောက်မှုနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်းအပြည့် ပိုင်ဆိုင်မှုရှိကြောင်း လေ့လာသိရှိရသည်။

သက်ကြီးစာတတ်မြောက်ရေးနှင့် စာဖတ်ခြင်းအလေ့အထသည် ဆက်စပ်နေ၏။ လေ့လာတတ်မြောက်ပြီးသောစာပေများကို မေ့ပျောက်မသွားစေရန် စာဖတ်ခြင်းအလေ့အထများ ရှင်သန်နေသင့်ပါသည်။ စာဖတ်ဝိုင်း၊ စာကြည့်အသင်းများ ထူထောင်ပြီး စာဖတ်ခြင်းအလေ့အထများ ပြုလုပ်ပေးမည်ဆိုပါက သက်ကြီးစာတတ်မြောက်မှုသည် ပိုမိုထိရောက်မှုရှိလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

ဘရူနိုင်း၊ ဗီယက်နမ်၊ ရုရှားဖက်ဒရေးရှင်း၊ ဖိလစ်ပိုင်၊ မြန်မာနှင့် စင်ကာပူနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်အသင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

**ဦးတည်ဆွေးနွေး**

Russia–ASEAN Business Dialogue ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အလုံးစုံ ပူးပေါင်းဆောင်ရွက်မှုသည် ရုရှားနိုင်ငံ၏ ဦးစားပေးနိုင်ငံခြားရေးမူဝါဒတစ်ခုဖြစ်ရာ ရုရှားနှင့် အာဆီယံနိုင်ငံများအကြား စွမ်းအင်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်ခြင်း စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် မြောက်ပိုင်းပင်လယ်လမ်းကြောင်း တစ်ခုဖြစ်ပေါ်လာရေးတို့ကို ဦးတည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များက online ဖြင့်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲသို့ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်နယ်များပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင်အရာရှိချုပ်နှင့် ရုရှား–အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌဖြစ်သူ Mr. Ivan Polyakov နှင့်အဖွဲ့အား သီးခြားတွေ့ဆုံ၍ ရုရှားမြန်မာနှစ်နိုင်ငံအကြား စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်သုံးဆီသိုလှောင်ကန်နှင့်အခြား အခြေခံအဆောက်အအုံများ တည်ဆောက်ရေးကဏ္ဍ၊ ရော်ဘာ အခြေခံစက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ၌ ရုရှားနိုင်ငံမှရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ တိုးတက်စေရေး အတွက် နှစ်နိုင်ငံအစိုးရများအကြား ရှေ့ဆက်၍ ကူညီပူးပေါင်းဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။


မွန်းလွဲပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လိုသည့် ကုမ္ပဏီများနှင့် သီးခြားတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများကို ဆွေးနွေးကြရာ ရုရှားလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်၍ ရုရှားနိုင်ငံသို့ ဝယ်ယူတင်သွင်းခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ရေနံတူးဖော်ထုတ်လုပ်သန့်စင်ခြင်း၊ ဘက်စုံသုံး ပင်လယ်ဆိပ်ကမ်း တည်ဆောက်ခြင်းစသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၃ ရက်တွင် ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး၌ ရုရှားတီဗွီချန်နယ်မှ မစ္စတာ ဆာဂေးဘရီလဗ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး ရုရှား ဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်က ကိုယ်တိုင်တက်ရောက်၍ ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ယှဉ်ပြိုင်စွမ်းအားတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အထူးစီးပွားရေးဇုန်များထူထောင်ထား၍ အာရှနှင့်ပစိဖိတ်ဒေသမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆိပ်ကမ်းများကို ဆက်သွယ်ရေးနည်းပညာအသုံးပြု အဆင့်မြှင့်တင်၍ ကုန်စည်သင်္ဘောများ ချိတ်ဆက်သွားလာနိုင်မည့် ဆိပ်ကမ်းကြီးတစ်ခု ပေါ်ပေါက်လာရေး ဆောင်ရွက်နေမှု အခြေအနေများ၊ အာရှနှင့်ဥရောပကိုချိတ်ဆက်ပေးမည့် မြောက်ပိုင်းပင်လယ်လမ်းကြောင်းတစ်ခုဖြစ်ပေါ်လာရေး ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် မွန်ဂိုလီးယားသမ္မတ မစ္စတာ ဥခနိုင်ဂင်ခုရာဆွတ်နှင့် ကာဇက်စတန် သမ္မတ မစ္စတာ ဂျိုမတ်တော့ ခရစ်တို့က online ဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုချန်အိုချာတို့က ဗီဒီယိုမက်ဆေ့ဖြင့်လည်းကောင်း နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး အရှေ့ဖျားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာရှ–ပစိဖိတ်ဒေသနိုင်ငံများ၏



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်နယ်များပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင်အရာရှိချုပ်နှင့် ရုရှား–အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌဖြစ်သူ Mr. Ivan Polyakov နှင့်တွေ့ဆုံဆွေးနွေးစဉ်။

ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဖိုရမ်နောက်ဆုံးနေ့ဖြစ်သော စက်တင်ဘာ ၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်အား တာဝန်ယူကျင်းပသည့် Roscongress Foundation မှ တာဝန်ရှိသူများအား တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ဖိုရမ်တွင် ခင်းကျင်းပြသထားသောနည်းပညာဆိုင်ရာပြခန်းများ၊ တက္ကသိုလ်ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းများနှင့် ဆေးသုတေသနနှင့် နည်းပညာဆိုင်ရာပြခန်းများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်သည် ရုရှားအရှေ့ဖျား၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အာရှ–ပစိဖိတ်ဒေသနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်ပြီး အရှေ့ဖျားစီးပွားရေးဖိုရမ်အား ၂၀၁၅ ခုနှစ်မှစတင်၍ နှစ်စဉ် ကျင်းပခဲ့ရာ ယခုအခါတွင် (၆) ကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။

**ကမ္ဘာ့စီးပွားရေး မဟာဗျူဟာတစ်ခု**

ရုရှားအရှေ့ဖျားဒေသသည် ယူရေးရှားနိုင်ငံများ၏ အရှေ့အစွန်ဆုံးဒေသဖြစ်ပြီး အာရှနိုင်ငံများ၊ အာရှ–ပစိဖိတ်နိုင်ငံများနှင့်ချိတ်ဆက်ရာ၌ ဗဟိုချက်အဖြစ်အသုံးချ၍ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှသည် ကမ္ဘာ့စီးပွားရေးပေါင်းစည်းနိုင်မှုအထိ ဦးတည်ဆောင်ရွက်သွားရန်ရည်ရွယ်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အစပြုဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့စီးပွားရေး မဟာဗျူဟာတစ်ခုလည်းဖြစ်သည်။

ဖိုရမ်ကို ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ကျင်းပခြင်းဖြစ်သည့် အားလျော်စွာ နိုင်ငံအသီးသီးမှ ပါဝင်တက်ရောက်သူများ ရောဂါအန္တရာယ်ကင်းရှင်းစေရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ လာရောက်ရာတွင်လည်းကောင်း၊ ဖိုရမ်ကျင်းပရာနေရာနှင့် အရေးကြီးဆွေးနွေးပွဲများသို့ တက်ရောက်ရာတွင်လည်းကောင်း ကျန်းမာရေးဆေးစစ်မှုများ ဆောင်ရွက်ခဲ့ရပြီး ဖိုရမ်ကျင်းပနေစဉ်အတွင်း WHO မှ ချမှတ်ထားသည့် ကိုဗစ်–၁၉ ကပ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးကန့်သတ်ချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖိုရမ်သို့ ဂျပန်၊ ပြင်သစ်၊ တရုတ်၊ တောင်ကိုရီးယား၊ အမေရိကန်၊ အိန္ဒိယ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၆၁) နိုင်ငံမှ ကိုယ်စားလှယ်များ၊ သံအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် မီဒီယာများ စုစုပေါင်း ၃၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် (၆) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လေ့လာကြည့်ရှုစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် (၆) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ Russia–ASEAN Business Dialogue သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် (၆) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်စဉ်။

# မဂွေဇ–ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းဖောက်လုပ်ခြင်းစီမံကိန်း၊ ခေါင်လန်ဖူးမြို့သို့ တစ်ကြောင်းထိုးကားလမ်း ဖောက်လုပ်ရောက်ရှိ

ခေါင်လန်ဖူးဒေသသည် မြန်မာနိုင်ငံ၏ မြောက်ဖျားပိုင်းတွင် တည်ရှိပြီး ဆိုးရွားသော ရာသီဥတုနှင့် မြေမျက်နှာပြင် ခက်ခဲကြမ်းတမ်းကာ မြင့်မားမတ်စောက်သော တောင်ပေါ်ဒေသ၊ ကျောက်တောင်/ကျောက်ကမ်းပါးယံနှင့် မြစ်ချောင်းလျှိုမြောင်များ ပေါများသည့်ဒေသဖြစ်ခြင်း၊ ရေခဲတောင်နှင့် ဆီးနှင်းများကြောင့် စိုက်ပျိုးမြေနည်းပါးခြင်း စသည်တို့ကြောင့် ခေါင်လန်ဖူးဒေသရှိ ဒေသခံပြည်သူများသည် နှစ်စဉ် စားနပ်ရိက္ခာ ရှားပါး၊ ပြတ်တောက်လေ့ရှိသဖြင့် နိုင်ငံတော်နှင့် တပ်မတော်က စားနပ်ရိက္ခာနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို အခက်အခဲဖြစ်ပေါ်ချိန်တွင် ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ထောက်ပံ့ကူညီပေးနေရသော ဒေသဖြစ်သည်။

ခေါင်လန်ဖူးနှင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးကိစ္စရပ်များအတွက် ပူတာအိုသို့ မဖြစ်မနေသွားရောက်ရန် လိုအပ်ပါက ခေါင်လန်ဖူးမှ မဂွေဇအထိ ၆၅ မိုင်အကွာအဝေးအား ခြေကျင်ခရီး၊ ဝန်တင်လား/မြင်းများဖြင့် ရှစ်ညအိပ် ကိုးရက်ခန့်ဖြင့်လည်းကောင်း၊ မဂွေဇမှ ပူတာအိုအထိ ၆၇ မိုင်အား ဆိုင်ကယ်/ကားများဖြင့် နှစ်ရက်ခန့် ဆက်လက်သွားရောက်ကြရသဖြင့် ခရီးလမ်းတစ်လျှောက်တွင် အသက်အန္တရာယ်အထိ အခက်ခဲပေါင်းများစွာ တွေ့ကြုံရပြီး အချိန်နှင့် ကုန်ကျစရိတ် များပြားခြင်းများကို ခံစားခဲ့ကြရသည်။

## ၂၀၁၅ ခုနှစ်မှစတင်

သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်မှစတင်ပြီး မဂွေဇ–ခေါင်လန်ဖူးလမ်းစီမံကိန်းအတွက် မြေပြင်အနေအထား၊ သဘာဝရာသီဥတုအခြေအနေတို့ အပါအဝင် အခြေခံအချက်အလက်များကို ကွင်းဆင်းလေ့လာသုံးသပ်ကာ နိုင်ငံတော်အစိုးရသို့တင်ပြ၍ လုပ်ငန်းခွင့်ပြုချက်နှင့် ရန်ပုံငွေလျာထားရေးဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်ခဲ့သည်။

မဂွေဇ–ခေါင်လန်ဖူး ကားလမ်းဖောက်လုပ်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဇွန်လတွင် ခွင့်ပြုချက်ရရှိပြီးနောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ တပ်မတော်အင်ဂျင်နီယာတပ်ရင်းမှ အရာရှိ/စစ်သည်များ၊ ဌာနေပြည်သူ့စစ်များ ပူးပေါင်း၍ Feasibility survey ဆောင်ရွက်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ လုပ်ငန်းများကို အသေးစိတ်ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မဂွေဇ–ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းကို အပိုင်း လေးပိုင်းခွဲ၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့သည်။

## ရာနှုန်းပြည့် အကောင်အထည်ဖော်

မဂွေဇမှ ငါ့လုံဒမ်းအထိ ၂၅ မိုင် ၄ ဖာလုံကို အပိုင်း(၁)အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ကျောက်လမ်း ၂၅ မိုင် ၄ ဖာလုံ၊ တံတားကြီး/ငယ် အစင်း ၂၀၊ Box Culvert ၇၅ စင်း၊ ကျောက်စီရေမြောင်း ပေ ၅၅၀၀ နှင့် အခြားလိုအပ်သည့် မြေထိန်းနံရံများ၊ ရေကျော်များကို ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး



ကချင်ပြည်နယ် ပူတာအိုခရိုင် မဂွေဇ–ခေါင်လန်ဖူးလမ်း ၆၅ မိုင် ၄ ဖာလုံမှ အပိုင်း(၂) တွင် ဆန်းလွတ်ချက်ကျောက်တောင်အား မိုင်းခွဲရန် ဆောင်ရွက်နေစဉ်။

ဖြစ်သည်။

ငါ့လုံဒမ်းမှ လုံးတုံဗိုလ်တဲအထိ ၁၀ မိုင်ကို အပိုင်း(၂)အဖြစ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းပိုင်းတွင် မဂွေဇ–ခေါင်လန်ဖူးလမ်း၏ အခက်အခဲဆုံးအပိုင်းဖြစ်သော ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၇၇၀၀ ကျော်ရှိသည့် ဆန်းလွတ်ချက်တောင်ကြားလမ်းကျောက်တောင်အပိုင်းပါဝင်သဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ မိုင်းဖောက်ခွဲရေးကျွမ်းကျင်စစ်သည်များသည် ဒေသခံပြည်သူတို့၏ ပူးပေါင်းကူညီမှုကို ရယူ၍ ကြမ်းတမ်းခက်ခဲသည့် ရာသီဥတုနှင့် မြေအနေအထားအကြားမှ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် တစ်ရက်လျှင် ပေ ၂၀ ခန့်သာ ဖောက်လုပ်နိုင်သည့် နေ့ရက်များစွာကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ကြရကြောင်း သိရသည်။ အဆိုပါလမ်းပိုင်းတွင် ကျောက်လမ်း ၁၀ မိုင်၊ Box Culvert အစင်း ၅၀၊ ကျောက်စီရေမြောင်း ပေ ၄၀၀၀ တို့ကို ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

လမ်းစီမံကိန်းအပိုင်း(၂)ဖြစ်သည့် ဆန်းလွတ်ချက်ကျောက်တောင်ကို ခက်ခက်ခဲခဲ ဖြတ်သန်းဖောက်လုပ်နေစဉ်ကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင် လုပ်ငန်းခွင်သို့ရောက်ရှိ စစ်ဆေးလမ်းညွှန်ချက်အရ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် တပ်မတော်ရဟတ်ယာဉ်များဖြင့် အပေါ့စား ယန္တရားများကို ခေါင်လန်ဖူးသို့ ပို့ဆောင်၍ ခေါင်လန်ဖူးမှ မဂွေဇဘက်သို့ တစ်ကြောင်းထိုးလမ်းဖောက်လုပ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လမ်းစီမံကိန်းအချိန်ကာလကို များစွာလျှော့ချနိုင်ခဲ့ပါသည်။

လုံးတုံဗိုလ်တဲမှ ဆီဆုံအထိ ၁၀ မိုင် ၄ ဖာလုံကို အပိုင်း(၃)အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် သဘာဝအတားအဆီးဖြစ်သည့် ရေစီးကြမ်းတမ်းသော မေခမြစ်ကို လမ်းဖောက်လုပ်ရေးစီမံကိန်းတွင် အသုံးပြုသည့် ယာဉ်/ယန္တရားများ၊ ကျောက်ဖောက်စက်များ၊ စက်ဆီ/ချောဆီများ၊ ယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဖြတ်ကျော်နိုင်ရန် ကူးတို့ဖောင်များ သီးသန့်ပြုလုပ်ဆောင်ရွက်ပြီး ခက်ခက်ခဲခဲ ဖြတ်သန်းပို့ဆောင်ပေးခဲ့ကြရကြောင်း သိရသည်။ အဆိုပါ လမ်းပိုင်းတွင် မြေလမ်း ၁၀မိုင် ၄ ဖာလုံအနက် ကျောက်လမ်း ၈ မိုင် ၄ ဖာလုံခင်းပြီးဖြစ်၍ တံတားကြီး/ငယ် စုစုပေါင်း ခုနစ်စင်း၊ **စာမျက်နှာ ၁၀ သို့** ❐



ခေါင်လန်ဖူးမြို့သို့ တစ်ကြောင်းထိုးလမ်း ပေါက်ရောက်ချိန် လမ်းဖောက်လုပ်ရေးအဖွဲ့၊ ဒေသခံပြည်သူများနှင့် ယန္တရားများအား တွေ့မြင်ရစဉ်။



ကချင်ပြည်နယ် ပူတာအိုခရိုင် မဂွေဇ–ခေါင်လန်ဖူးလမ်း ၆၅ မိုင် ၄ ဖာလုံမှ အပိုင်း(၂) ဖောက်လုပ်ပြီးစီးမှုအား ဝေဟင်မှ မြင်တွေ့ရစဉ်။

# ကမမောင်းမြို့တွင် နေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့

**ကမမောင်း စက်တင်ဘာ ၅**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ပြည်နယ် ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဖာပွန်ခရိုင် ကမမောင်းမြို့ ဆွေမြတ်မျိုးကြွယ် ပရိယတ္တိစာသင်တိုက်၌ ခေတ္တတိမ်းရှောင် ရောက်ရှိနေသော နေရပ်စွန့်ခွာ ပြည်သူများအား အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်သည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး နေရပ်စွန့်ခွာ အိမ်ထောင်စု ၁၅၀ အတွက် ဆန်၊ ဆီ အစရှိသော အခြေခံစားသောက်ကုန်များ၊ ရေသန့်စင်ဆေးထုပ်များနှင့် လူသုံးကုန်ပစ္စည်း Family Kit များကို ထောက်ပံ့ပေးအပ်သည်။

**အားပေးစကားပြောကြား**

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးနေမှု၊ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီး ဆောင်ရွက်ပေးနေမှုနှင့် ကမမောင်းမြို့ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာသို့ သွားရောက်ပြီး လူနာများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဘိုးဘွားများအား လှူမှုရေးပင်စင်ငွေကျပ် ၃၀၀၀၀ နှင့်အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ဇီးအွန်စခန်းနေမိသားစုများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ဆန်များထောက်ပံ့

**မြစ်ကြီးနား စက်တင်ဘာ ၅**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ် သယံဇာတရေးရာ ဝန်ကြီး ဦးတိန့်ဆောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေ ၃ နာရီခွဲတွင် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ဇီးအွန် နေရပ်စွန့်ခွာ အိမ်ထောင်စုများ နေထိုင်ရာ IDPs စခန်းသို့ သွားရောက်ပြီး ထောက်ပံ့ပေးအပ်မှုများ ဆောင်ရွက်သည်။

**ထောက်ပံ့**

ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း IDPs စခန်းနေ ပြည်သူများ နေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ တစ်ပိုင်တစ်နိုင် အိမ်မွေးတိရစ္ဆာန်များ မွေးမြူနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို လာရောက်ထောက်ပံ့ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စခန်းနေမိသားစုများအတွက် ဆန်အိတ် ၂၀ နှင့် အသင့်စားခေါက်ဆွဲခြောက်များ၊ ကြက်ဥအလုံး ၂၀၀၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀၊ လက်အိတ်အစုံ ၅၀၀၊ နှာခေါင်းစည်းအခု ၅၀၀၊ ကိုယ်တိုက်ဆပ်ပြာ ငါးဖာ၊ အိမ်မွေးဝက်သားပေါက် ခြောက်ကောင်နှင့် အိမ်မွေးတိရစ္ဆာန် အထောက်အကူပြုဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗေသလနှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်း၌ အသင်းတော်တာဝန်ရှိသူများ၊ အမှုဆောင်များနှင့် သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး အသင်းတော်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

## သဘာဝဘေးဒဏ်ခံခဲ့ရသည့် နေအိမ်များအား ထောက်ပံ့

**ပင်းတယ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာ၌ စက်တင်ဘာ ၂ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခဲ့သည့် သဘာဝဘေးဒဏ်ကြောင့် ကျေးရွာရှိ လူနေအိမ် ခုနစ်လုံး၏ အမိုးများ ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင်ရန်အတွက် Forever Group (MRTV-4) မိသားစုက ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် သစ်အယ်ပင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၊ အရံစေတီတစ်ဆူနှင့် လူနေအိမ်ခုနစ်လုံးတို့ အမိုးများလန်ကာ ပျက်စီးဆုံးရှုံးများဖြစ်ပေါ်ခဲ့ရာ လူနေအိမ်များ ပြန်လည်ပြုပြင်နိုင်ရန်အတွက် ပင်းတယမြို့ ဆင်ခေါင်းရပ်ရှိ Forever Group (MRTV-4) မိသားစုက သွပ်အမိုးအသစ်များနှင့် လိုအပ်သောပစ္စည်းတို့ဖြင့် အချိန်မီ ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် စုစုပေါင်း ကုန်ကျငွေကျပ် ၄၄၃၄၉၆၃ အား ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ပင်းတယ(ပြန်/ဆက်)**



## မျိုးစပါးစိုက်ပျိုးထားရှိမှုကြည့်ရှုပြီး ရေဘေးရှောင်အိမ်ထောင်စုများအား ထောက်ပံ့

**မကွေး စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ပခန်းငယ်ကျေးရွာရှိ မျိုးကောင်းမျိုးသန့်ပြန့်ပွားရေးခြံမှ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ချောက်မြို့နယ် ရေဘေးရှောင်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲအခမ်းအနားတက်ရောက်သည်။

**အထွက်နှုန်းကောင်း**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ချောက်မြို့နယ် ပခန်းငယ်ကျေးရွာရှိ မျိုးကောင်းမျိုးသန့်ပြန့်ပွားရေးခြံတွင် ဧရာမင်းမိုးစပါး လေးဧကမျိုးစေ့ထုတ်ရန် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်းသည့် စပါးစိုက်ပျိုးမှုအား ပိုမိုစိုက်ပျိုးသွားနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စလေဥမ္မင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး အလုံး ၂၄၀ ထွက်ရှိမည့် အောက်ဆီဂျင်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ချောက်မြို့ အမှတ်(၁၁) ရပ်ကွက်ရှိ သံဃာ့ဗိမာန်အတွင်းပြုလုပ်သည့် ရေဘေးရှောင် အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အိမ်ထောင်စု ၄၂ စု၊ လူဦးရေ ၁၈၀ တို့အတွက် တစ်အိမ်ထောင်လျှင် ကြက်ဥ ၁၀ လုံး၊ ဆန်နှစ် ပြည်ခွဲ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်၊ နှာခေါင်းစည်း ၁၀ ခု ထောက်ပံ့ပေးအပ်ခဲ့သည်။ **မောင်ညီညာ(မကွေး)**

❐ စာမျက်နှာ ၉ မှ

Box Culvert အစင်း ၄၀၊ ကျောက်စီရေမြောင်း ၉၄၉၅ ပေတို့ကို ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ဆီဆုံမှ ခေါင်လန်ဖူးအထိ ၁၉ မိုင် ၄ ဖာလုံကို နောက်ဆုံးပိုင်း၊ အပိုင်း(၄)အဖြစ် ဆောင်ရွက်လျက်ရှိရာ အကျယ် ၃၄ ပေ မြေလမ်း အကျယ် ၁၂ မိုင်၊ အကျယ် ၁၃ ပေ တစ်ကြောင်းထိုးမြေလမ်း ၇ မိုင် ၄ ဖာလုံ၊ တံတားကြီးနှစ်စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်၍ မဂွေဇမှ ခေါင်လန်ဖူးအထိ ၆၅ မိုင် ၄ ဖာလုံ ရှည်လျားပြီး ဒေသခံပြည်သူများက အိပ်မက်လမ်းဟု တင်စားခေါ်ဆိုခဲ့ကြသည့် လမ်းသည် စတင်ဖောက်လုပ်ချိန်မှ လေးနှစ်နှင့် ရှစ်လအကြာ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ရည်မှန်းချက်ဖြစ်သော ခေါင်လန်ဖူးမြို့သို့ အောင်မြင်စွာ ပေါက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် တစ်ကြောင်းထိုး မြေသားလမ်း ၇ မိုင် ၄ ဖာလုံကို လမ်းတာချဲ့ခြင်း၊ တံတားများ၊ Box Culvert များ၊ မြေထိန်းနံရံများ၊ ကျောက်စီရေမြောင်းများကို လာမည့် ပွင့်လင်းရာသီတွင်လည်းကောင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ခေါင်လန်ဖူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို နှစ်အလိုက် ရန်ပုံငွေလျာထား၍လည်းကောင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဗြိတိန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၇၅၇၈ ဦး စံချိန်တင်တွေ့ရှိ

**လန်ဒန် စက်တင်ဘာ ၅**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၅၇၈ ဦးစံချိန်တင်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၉၄၁၆၁၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂၀ သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၃၁၆၁ ဦးရှိလာသည်။

**ကျန်းမာလာသူပေါင်း ၅၅၈၆၄၉၁ ဦး**

လက်ရှိအချိန်အထိ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၅၈၆၄၉၁ ဦးရှိသည်။

ဗြိတိန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အာဏာပိုင်အဖွဲ့က အသက် ၁၂ နှစ်နှင့် ၁၅ နှစ်အတွင်း ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးရန် ထောက်ခံခြင်းမပြုကြောင်း ကြေညာချက် ထွက်ပေါ်လာပြီးနောက် အဆိုပါဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှုအရေအတွက်များ မြင့်တက်လာခြင်းဖြစ်သည်။



Pfizer ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးနောက် နှလုံးရောင်ရမ်းလာသည့် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်လာမည်ကို စိုးရိမ်သည့်အတွက် ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်ကြောင်း ကာကွယ်ဆေးအာဏာပိုင်အဖွဲ့က ဆိုသည်။

အသက် ၁၆ နှစ်နှင့်အထက် ပြည်သူ ၈၈ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၈၀ ရာခိုင်နှုန်းနီးပါးသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်သည်။

**အရှိန်အဟုန်မြှင့် ဆောင်ရွက်**

ဗြိတိန်၊ တရုတ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်နိုင်ငံများသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ၊ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ခုနစ်သန်းကျော်ရှိလာ

**မော်စကို စက်တင်ဘာ ၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၆၄၅ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး သေဆုံးသူ ၇၉၃ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၀၁၂၅၉၉ ဦးရှိလာပြီး သေဆုံးသူပေါင်း ၁၈၇၂၀၀ ရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၅၂၅၆ ဦး ရောဂါမှပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၆၂၇၀၇၃၁ ဦး ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရသည့် မြို့တော်မော်စကို၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၄၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ မြို့တော်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၇၅၃၅၅ ဦးရှိလာသည်။

**ထိုးနှံမှုခံယူပြီးဖြစ်**

လက်ရှိအချိန်အထိ ပြည်သူ ၃၈ ဒသမ ၃ သန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**





# အစ္စရေးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၇၃၉ ဦးရှိ

**ဂျေရုဆလင် စက်တင်ဘာ ၅**

အစ္စရေးနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၃၉ ဦး ရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၁၁၂၇၄၄ ဦးရှိလာကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေးကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၁ ဦးထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၇၁၅၃ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် ရောဂါပြင်းထန်စွာခံစားနေရသူ ၆၇၇ ဦးအထိရှိကြောင်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၂၄၉၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၀၁၄၈၄၁ ဦးရှိလာကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၆ ဒသမ ၀၁ သန်းရှိပြီး ယင်းအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၅ ဒသမ ၅ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီးသူ ၂ ဒသမ ၅၇ သန်းကျော်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇ ဒသမ ၈၇ သန်းနီးပါးရှိ

**အဒစ်အဘာဘာ စက်တင်ဘာ ၅**

အာဖရိကတိုက်၌ ယမန်နေ့ မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၈၆၉၇၀၉ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**သေဆုံးသူစုစုပေါင်း ၁၉၈၅၈၇ ဦးရှိ**

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၉၈၅၈၇ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၇၀၄၆၁၀၆၄ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးခံရသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

**ရောဂါဖြစ်ပွားမှုဒဏ်အများဆုံး**

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုဒဏ်အများဆုံးခံရသည့်ဒေသဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ဒုတိယဖြစ်ပွားမှုအများဆုံးဖြစ်ကာ အာဖရိက အလယ်ပိုင်းဒေသသည် အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

■



# အာဖဂန်နိုင်ငံ Ariana အမျိုးသားလေကြောင်းလိုင်း ပြည်တွင်းလေကြောင်းခရီးစဉ်များ ပြေးဆွဲမှု ပြန်လည်စတင်

**ကဘူးလ် စက်တင်ဘာ ၅**
အာဖဂန်နစ္စတန်နိုင်ငံ၏ Ariana အမျိုးသားလေကြောင်းလိုင်းသည် ပြည်တွင်းလေကြောင်းခရီးစဉ်များ ပြေးဆွဲမှုကို ယနေ့ ပြန်လည်စတင်ခဲ့ကြောင်း ဒေသတွင်းရုပ်သံချန်နယ်တစ်ခုက ယနေ့တွင် သတင်းဖော်ပြခဲ့သည်။

**ပြေးဆွဲမှု ပြန်လည်စတင်**

အာဖဂန်နစ္စတန်နိုင်ငံ၏ Ariana အမျိုးသားလေကြောင်းလိုင်းသည် ပြည်တွင်းလေကြောင်းခရီးစဉ်များအဖြစ် မြို့တော်ကဘူးလ်မှ ဟီရက်၊ မာဇာ-အီ-ရှရစ်ဖ်နှင့် ကန်ဒါဟာမြို့များသို့ ပြေးဆွဲမှု ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း တိုလိုသတင်းဌာနက သတင်းဖော်ပြသည်။

Ariana အမျိုးသားလေကြောင်းလိုင်းသည် ဩဂုတ်လနောက်ပိုင်းက အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ အပြီးတိုင်ရုပ်သိမ်းသွားပြီးနောက်ပိုင်း ပြည်တွင်းလေကြောင်းခရီးစဉ်များ ပြေးဆွဲမှုကို ပြန်လည်စတင်ခဲ့သည့် ပထမဆုံး ပြည်တွင်းလေကြောင်းလိုင်းဖြစ်ကြောင်း သိရသည်။



အာဖဂန်နစ္စတန်နိုင်ငံ Ariana အမျိုးသားလေကြောင်းလိုင်း ပြည်တွင်းလေကြောင်း ခရီးစဉ်များ ပြေးဆွဲမှုကို တွေ့ရစဉ်။

**ပြောင်းရွှေ့ခဲ့**

အခြားသောဒေသတွင်း ပုဂ္ဂလိကလေကြောင်းလိုင်းတစ်ခုဖြစ်သည့် ကမ်အဲလေကြောင်းလိုင်းကလည်း ဩဂုတ် ၁၅ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံ၏မြို့တော် ကဘူးလ်ကို တာလီဘန်တို့ သိမ်းပိုက်လိုက်ပြီးနောက် ကဘူးလ်၌ ရှုပ်ထွေးသည့် အခြေအနေများဖြစ်ပေါ်နေခြင်းကို စိုးရိမ်သောကြောင့် မြို့တော်ကဘူးလ်မှ ၎င်းတို့၏ လေယာဉ်များကို အီရန်နိုင်ငံ မက်ရှ်ဟက်မြို့သို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၁၃၇ ဦး တွေ့ရှိ

**ဟနွိုင်း စက်တင်ဘာ ၅**
ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၁၃၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၂၄၃၀၇ ဦးရှိပြီး သေဆုံးသူပေါင်း ၁၃၀၇၄ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

**ပြည်တွင်းကူးစက်ခံရသူများဖြစ်**

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၃၁၀၁ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၃၆ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏ တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၆၂၂၆ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၃၅၄၀ နှင့် ဒေါင်နန်ခရိုင်၌ ၁၂၄၃ ဦးတို့ကို အသီးသီး တွေ့ရှိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၉၂၁၁ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၉၁၇၂၇ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁ ဒသမ ၄ သန်းကျော်အား ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**





# အင်ဒိုနီးရှားနိုင်ငံ၌ ၅၄၀၃ ဦး ရောဂါထပ်မံကူးစက်ခံရ

**ဂျကာတာ စက်တင်ဘာ ၅**
အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၀၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၁၂၉၀၂၀ ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**သေဆုံးသူပေါင်း ၁၃၅၈၆၁ ဦးရှိလာ**

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၅၈၆၁ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူ ၁၀၁၉၁ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့သူပေါင်း ၃၈၃၇၆၄၀ ရှိလာသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၃၈ ဒသမ ၂၂ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးသူ ၆၆ ဒသမ ၇၈ သန်းရှိသည်။

လူဦးရေ ၂၀၈ ဒသမ ၂၆ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် အင်ဒိုနီးရှားအစိုးရက ရည်ရွယ်ထားသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၃ သန်းနီးပါးရှိလာ

**နယူးဒေလီ စက်တင်ဘာ ၅**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၇၆၆ ဦးရှိခြင်းကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၂၉၈၈၆၇၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

**သေဆုံးသူ ၃၀၈ ဦး ထပ်တိုး**

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၈ ဦး ထပ်တိုးလာသဖြင့် သေဆုံးသူစုစုပေါင်း ၄၄၀၅၃၃ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှင့် သေဆုံးမှုအများဆုံး ပြည်နယ်မှာ ကီရာလာပြည်နယ်ဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကီရာလာပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၆၈၂ ဦးနှင့် သေဆုံးသူ ၁၄၂ ဦးရှိကြောင်း သိရသည်။

**တွေ့ရှိဆဲလူနာ ၄၁၀၀၄၈ ဦးရှိ**

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၄၁၀၀၄၈ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၉၀၉၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၂၁၃၈၀၉၂ ဦးရှိလာကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**





## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၄၅၂ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် စက်တင်ဘာ ၅**

ထိုင်းနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၄၅၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၈၀၅၃၄ ဦးရှိလာကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံကွပ်ကဲရေးစင်တာက ယနေ့ ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၂၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၈၅၅ ဦးရှိလာသည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၂၈ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၅၄၂၄ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်သည်။ ပြည်တွင်းကူးစက်ခံရသူများအနက် ၃၉၀၆ ဦးသည် မြို့တော်ဗန်ကောက်မှဖြစ်သည်။ နိုင်ငံအတွင်းရှိ မြို့များအနက် မြို့တော်ဗန်ကောက်သည် ဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည်။

လက်ရှိပိုးတွေ့ဆဲလူနာ ၁၅၂၁၀၅ ဦးရှိပြီး ၄၆၈၂ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရသည်။ ယင်းတို့အနက်၁၀၀၈ဦးသည်အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

မကြာသေးမီရက်များအတွင်း နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် လျော့ကျလာသည့်အတွက် နိုင်ငံအတွင်းရှိ နေရာအချို့တွင် ခရီးသွားလာခွင့်ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ခဲ့သည်။ သို့သော် ယခုရက်ပိုင်းအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ ပြန်လည်မြင့်တက်လာကြောင်းနှင့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၃၅ ဒသမ ၆ သန်းနီးပါး ထိုးနှံပေးပြီးဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၁၄ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၃၉၆ ဦးရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၅**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၃၉၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၈၄၄၈၃၅ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၀၃၈၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ရှစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃၆ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၈၂၁၉ ဦးရှိလာကြောင်း သိရသည်။ ယနေ့တွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၀၅၇၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၅၇၀၈၂၇ ဦးရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ ၈၅ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၅၅၇၈၉ ဦးရှိကြောင်း၊ ယင်းတို့အနက် ၉၅၉ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၄၃၆ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ စက်တင်ဘာ ၅ ရက်တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၀၀၅၀၁ အသုံးပြုခဲ့သည်။ လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၆၂ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၄၈ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၃၃ ဦးရှိ

**အန်ကာရာ စက်တင်ဘာ ၅**



တူရကီနိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၃၃ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၄၇၈၆၆၃ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၂၇၈ ဦး ထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၇၃၈၇ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၉၄၆၄ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးသူ ၄၉ ဒသမ ၃၇ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၈ ဒသမ ၁၄ သန်းကျော်ရှိကြောင်းနှင့် နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၉၆ ဒသမ ၇၆ သန်းကျော် အသုံးပြုခဲ့ပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၁၉ ဦးတွေ့ရှိ

**မနီလာ စက်တင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၀၁၉ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၀၈၀၉၈၄ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ ပြောကြားသည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် လူနာ ၁၇၆ ဦး ထပ်မံသေဆုံးခဲ့သဖြင့် ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၃၄၂၃၄ ဦးရှိလာသည်။

လူဦးရေသန်း ၁၁၀ ခန့်နေထိုင်သည့် ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ လူဦးရေ ၁၇ ဒသမ ၅ သန်းတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၂၁၂၈၄၇၂၁ | ဦး |
| သေဆုံးသူ | ၄၅၇၈၆၉၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၉၇၇၉၂၆၄၀ | ဦး |

# မန္တလေးတိုင်းဒေသကြီးအတွင်း ဆူပူအကြမ်းဖက်သူများကြောင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသည့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပတ်ကင်း/ လှည့်ကင်းများ ဆောင်ရွက်စဉ် တရုတ်တန်း (၄) ရပ်၊ ရွှေဂွမ်းထုပ်ရပ်ကွက် တောင်သမန် ကန်ပတ်လမ်း အရောက်တွင် လမ်းဘေး၌ ရပ်တန့်ထားသည့် Dream 110 အမျိုးအစား မော်တော်ဆိုင်ကယ် အမှတ်၊ ၁ယ/---- မှ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်။



ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် Dream 110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်ကို တွေ့ရစဉ်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဦးပိန်တံတားဘက်မှ တောင်သမန်ကန်ပတ်လမ်း မော်တော်ဆိုင်ကယ်များဖြင့် သွားလာနေသည့် အပြစ်မဲ့ ပြည်သူများဖြစ်သော ဦးမင်းအောင် ၆၀ နှစ် (ဘ) ဦးဘအုန်း၊ ဇော်မင်းထွေး ၂၄ နှစ် (ဘ)ဦးစိုးမြင့်၊ ငြိမ်းချမ်းဦး ၁၈ နှစ် (ဘ)ဦးနိုင်ဦး၊ မသီတာနိုင် ၂၁ နှစ် (ဘ)ဦးမြင့်ဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒဏ်ရာရရှိသူများကို အမရပူရမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သော ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

အခင်းဖြစ်ပွားရာ နေရာတွင် ပေါက်ကွဲသွားသည့် ဆိုင်ကယ်အတွင်းမှ Keypad ဖုန်းအမျိုးအစား အပိုင်းအစများနှင့် ဖုန်းဘက်ထရီ Singtech အမျိုးအစား တစ်ခုတို့ကို စစ်ဆေးသိမ်းဆည်းရမိသဖြင့် ရီမုခ်မိုင်းအမျိုးအစား တစ်လုံးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးရှာဖွေဖမ်းဆီးဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■



ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများကို တွေ့ရစဉ်။

## ဘားအံ၊ မဟာအောင်မြေ၊ မူဆယ်နှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် နံနက် ၇ နာရီတွင် ဘားအံမြို့နယ် အိန္ဒဲကျေးရွာအုပ်စု ကော့ခမိတ်ကျေးရွာရှိ တင်လှိုင်ထူး(ခ)



ပိလိကီး၏နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၁) ၆၆ လမ်း ၄၁ လမ်းနှင့် ၄၂ လမ်းကြား ပိတောက်လမ်းရှိ တည်းခိုခန်းတွင် တည်းခိုနေထိုင်သူ မြင့်ထွန်း၏အခန်းသို့ သတင်းအရဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အိုက်စ် သုညဒသမ ၈၀၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် အိမ်အမှတ်(ခ၀/၁၉၈)နေ ဟုန်ကျင်ကျုံး၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲတွင် လားရှိုးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အောင်သစ္စာရပ်ကွက် တာပုံလမ်းဆုံတွင် ဒိုင်ဇောင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၂၆ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

မြင့်ထွန်း၊ အောင်နိုင်ဖြိုးဦးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၉-၂၀၂၁ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပဋ္ဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ကိုဗစ်-၁၉ ရောဂါဆိုးမှ ကျော်ဖြတ်နိုင်စွမ်းရှိသူများ |
| ၀၉:၁၀ | စိုက်ပျိုးရေးရာ အမြဲရှာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ပြည်သူ့နီတိ 'ရှုဖို့' |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်' |
| ၁၇:၀၅ | This Week's Special Interest |
| ၁၇:၃၅ | ကျန်းမာရေးမဂ္ဂဇင်း 'ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ' |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၂၅ | မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၆၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ |
| ၂၁:၂၅ | ရောင်စုံတေးဥယျာဉ် |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၃၃) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Goldsmith |
| 07:31 | The Richly Blessed Gem Land |
| 08:01 | Myanmar Masterclass: Artist U Kyaw Thaung |
| 08:13 | Elegant and Exquisite Myanmar Cotton Fabrics |
| 08:26 | Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung |
| 08:39 | Paper Products... Plain but Pretty |
| 09:01 | Cruising To Precious Islands (Part-2) |
| 09:22 | Traditional Thatch Roof - Thet Nge |
| 09:37 | Discovering Tribes Lisu: Their Life and Customs (Part-I) |
| 10:01 | Today Myanmar: Save The Palms |
| 10:13 | Products of Myanmar - Velvet Slippers |
| 11:01 | Cruising To Precious Islands (Part-1) |
| 11:33 | Kyaikkale pagoda |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားအမျိုးသားတို့၏အဲဒိုပေါ်ဓီအကအကြောင်း

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၆)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
တေးသံပြာဝေဖားစည်မြေ(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပသောကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချပ်ကျေးရွာမှတောင်ပေါ်ပန်းသီးများ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း-၃)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ဝါးထဲကပိုး

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပအိုဝ်းရိုးရာဝတ်စုံ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောမြေမှစွန့်ဦးတီထွင်သူနှင့်တွေ့ဆုံခြင်း

### MRTV Parliament

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရေအဆုံးကုန်းတစ်ဝက်' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၂) |

### MRTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်သူများက မြို့နယ်အချို့ရှိ ဆက်သွယ်ရေးတာဝါတိုင်များအား ဖျက်ဆီးမှုများ ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်သူလူထုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုသည့် ဆက်သွယ်ရေးကွန်ရက်များအား နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်နိုင်စေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီစဉ်ညွှန်ကြားမှုများဖြင့် ဆက်သွယ်ရေးတာဝါတိုင်များအား အမြို့မြို့၊ အနယ်နယ်တိုင်း၌ တွန်းအားပေး စိုက်ထူဆောင်ရွက်ပေးထားရှိခဲ့သည်ကို အေးချမ်းစွာ နေထိုင်လိုခြင်းမရှိဘဲ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သူများက အဆိုပါဆက်သွယ်ရေး တာဝါတိုင်များအနက် အချို့အား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်လာကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ရာတွင် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရွှေလျှံအနောက်ကျေးရွာ၏အနောက်ဘက် နှစ်ဖာလုံခန့်အကွာ လယ်ကွင်းအတွင်း၌ စိုက်ထူထားရှိသည့် MYTEL ဆက်သွယ်ရေးတာဝါတိုင်အောက်ခြေရှိ



ယင်းမာပင်မြို့နယ်ရှိ MYTEL ဆက်သွယ်ရေးတာဝါတိုင်အောက်ခြေရှိ စက်ပုံးအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

ထိန်းချုပ်ရေးစက်ခန်းအား အမှိုက်များထည့်သွင်းကာ မီးရှို့ဖျက်ဆီးခဲ့သဖြင့် အဆိုပါစက်ခန်းအတွင်းရှိ စက်ပစ္စည်းများနှင့် ကေဘယ်လ်ကြိုးများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာ ၅ ရက် နံနက် ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်း-ဗန်းမော်ကားလမ်း၏ မိုင်တိုင် အမှတ် ၁၅ မိုင် ၁ ဖာလုံအနီး လမ်း၏အရှေ့ဘက်တွင် စိုက်ထူထုတ်လွှင့်လျက်ရှိသော Ooredoo ဆက်သွယ်ရေးတာဝါတိုင်အောက်ခြေရှိ တာဝါတိုင်ထိန်းချုပ်ထုတ်လွှင့်ရေးစက်များထည့်ထားသည့် စက်ပုံးအား အကြမ်းဖက်သူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့၍ အဆိုပါစက်ပုံးနှင့် စက်ပုံးအတွင်းရှိ စက်များနှင့် ကေဘယ်လ်ကြိုးများ ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ နံနက် ၂ နာရီခန့်တွင်ပင် မတ္တရာမြို့နယ် ပတ်လည်အင်းကျေးရွာနေ ဦးကျော်စိုး(၅၀)နှစ်၏ နေအိမ်ခြံဝင်းအတွင်း စိုက်ထူ၍ ထုတ်လွှင့်လျက်ရှိသော Ooredoo ဆက်သွယ်ရေးတာဝါတိုင်အနီးသို့ ကျေးရွာ၏အရှေ့ဘက်မှ မောင်းနှင်လာသည့် အကြမ်းဖက်သူ သုံးဦး(စီစစ်ဆဲ) စီးနင်းလာသည့် ဆိုင်ကယ်နှစ်စီးရောက်ရှိလာပြီး ၎င်းတို့ သုံးဦးအနက် အကြမ်းဖက်သူတစ်ဦးက တာဝါတိုင်ဝင်းအတွင်း ဝင်ရောက်ကာ တာဝါတိုင်အောက်ခြေရှိ တာဝါတိုင်ထိန်းချုပ် ထုတ်လွှင့်ရေးစက်များထည့်ထားသည့် စက်ပုံးအား အသင့်ယူဆောင်လာသော ဓာတ်ဆီပုံးဖြင့်လောင်းကာ မီးရှို့၍ ရွာလယ်လမ်းအတိုင်း စဥ့်ကူးမြို့နယ်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါစက်ပုံးမီးလောင်မှုဖြစ်ပေါ်ခဲ့ပြီး အနီးအနားရှိ ကျေးရွာသားများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် တာဝါတိုင်အောက်ခြေရှိစက်ပုံးအတွင်းရှိစက်များနှင့် ကေဘယ်လ်ကြိုးများ မီးလောင်ဆုံးရှုံးခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မတ္တရာမြို့နယ်ရှိ Ooredoo ဆက်သွယ်ရေးတာဝါတိုင်အောက်ခြေရှိ စက်ပုံးအား အကြမ်းဖက်သူများက ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



သပိတ်ကျင်းမြို့နယ်ရှိ Ooredoo ဆက်သွယ်ရေးတာဝါတိုင်အောက်ခြေရှိ စက်ပုံးအား အကြမ်းဖက်သူများက ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ)

ကိုအောင်(ရန်ကုန်)

**နိဒါန်း**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ (Democratic Republic of Timor–Leste)သည် အရှေ့တောင်အာရှတွင် တည်ရှိသော ကျွန်းနိုင်ငံတစ်ခုဖြစ်သည်။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တီမောကျွန်း၏အရှေ့ဘက်တွင် တည်ရှိသည်။ အနောက်ဘက်တွင် အင်ဒိုနီးရှားနိုင်ငံရှိ အနောက်တီမောနှင့် ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် ဩစတြေးလျနိုင်ငံနှင့် တီမောပင်လယ်ခြား၍ တည်ရှိသည်။ စုစုပေါင်းဧရိယာစတုရန်းမိုင် ၅၄၀၀ (၁၅၄၁၀ ကီလိုမီတာ) ကျယ်ဝန်းပြီး ၂၀၂၁ ခုနှစ် စာရင်းများအရ လူဦးရေစုစုပေါင်း ၁၃၄၀၅၁၃ ရှိကာ မြို့တော်မှာ Dili ဖြစ်သည်။ ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တီတမ် (Tetum) နှင့် ပေါ်တူဂီ (Portuguese) ဘာသာစကားနှစ်မျိုးမှာ နိုင်ငံတော်၏ တရားဝင်ဘာသာစကားဖြစ်ပြီး အင်္ဂလိပ်နှင့်အင်ဒိုနီးရှားဘာသာစကားအပါအဝင် အခြားတိုင်းရင်းသားဘာသာစကားများကိုလည်း ရုံးသုံးဘာသာစကားအဖြစ် အသိအမှတ်ပြုထားသည်။ လက်ရှိသမ္မတမှာ Francisco Guterres ဖြစ်ပြီး ဝန်ကြီးချုပ်မှာ Taur Matan Ruak ဖြစ်သည်။

အရှေ့တီမောသည် ၁၆ ရာစုနှစ်များတွင် ပေါ်တူဂီနိုင်ငံ၏ ကိုလိုနီဖြစ်ခဲ့သည်။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အရှေ့တီမောနယ်မြေ လွတ်လပ်ရေးမကြေညာခင်အချိန်အထိ Portuguese Timor ဟုခေါ်ကြသည်။ လွတ်လပ်ရေးကြေညာအပြီး ကိုးရက်မြောက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံက ယင်း၏ ၂၇ ခုမြောက် စီရင်စုအဖြစ် သိမ်းယူခဲ့သည်။ အင်ဒိုနီးရှားစစ်တပ်နှင့် တီမောနယ်မြေ ခွဲထွက်ရေးအုပ်စုများအကြား ပဋိပက္ခများသည် ကာလကြာရှည်စွာ တည်ရှိခဲ့သည်။

၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ဥပဒေ(United Nations–sponsored act of Self–determination) အရ အင်ဒိုနီးရှားနိုင်ငံက တီမောနယ်မြေအား လက်လွှတ်ပေးပြီးနောက် ၂၀၀၂ ခုနှစ် မေလ ၂၀ ရက်နေ့တွင် တီမောနိုင်ငံသည် ၂၁ ရာစု၏ ပထမဆုံးသော လွတ်လပ်၍အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီး ပေါ်တူဂီဘာသာစကားသုံးစွဲသောနိုင်ငံများအဖွဲ့ (Community of Portuguese Language Countries) သို့ ဝင်ရောက်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)သို့ ၁၁ နိုင်ငံမြောက်အဖြစ် ဝင်ရောက်လိုကြောင်း ကြေညာခဲ့သည်။

**အုပ်ချုပ်ရေးအာဏာ**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံသည် သမ္မတစနစ်ကိုကျင့်သုံးသော ဒီမိုကရက်တစ်နိုင်ငံဖြစ်ပြီး ပါတီစုံစနစ်ကို ကျင့်သုံးသည်။ သမ္မတနှင့် အစိုးရအဖွဲ့ထံတွင် အုပ်ချုပ်ရေးအာဏာရှိပြီး အစိုးရအဖွဲ့နှင့် အမျိုးသားလွှတ်တော်တွင် ဥပဒေပြုရေးအာဏာရှိကာ တရားစီရင်ရေးအာဏာမှာ လွတ်လပ်၍ အမှီအခိုကင်းသည်။

သမ္မတသည် နိုင်ငံ၏အကြီးအကဲဖြစ်ပြီး အများစုဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်ကာ သမ္မတသက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ သမ္မတ၏အုပ်ချုပ်မှုအာဏာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကန့်အသတ်ရှိသော်လည်း သမ္မတသည် ဝန်ကြီးချုပ်ကို ရွေးချယ်ခန့်အပ်နိုင်ပြီး အစိုးရ၏ ဥပဒေပြုမှုကိုလည်း ဗီတိုအာဏာဖြင့် ပယ်ဖျက်နိုင်သည်။ သမ္မတသည် အနိုင်ရပါတီ သို့မဟုတ် ညွန့်ပေါင်းပါတီ၏ ခေါင်းဆောင်အား ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ပြီး ဝန်ကြီးချုပ်၏အဆိုပြုချက်ဖြင့် အစိုးရအဖွဲ့ကို ခန့်အပ်ဖွဲ့စည်းသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏အကြီးအကဲဖြစ်ပြီး အစိုးရအဖွဲ့ကို စီမံအုပ်ချုပ်သည်။

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံအား Oecusse၊ Dili ၊ Liquiçá၊ Manatuto၊ Baucau၊ Lautém၊ Bobonaro၊ Ermera၊ Aileu၊ Viqueque၊ Cova Lima၊ Ainaro နှင့် Manufahi အစရှိသည့် မြူနီစီပယ်ခရိုင် ၁၃ ခုဖြင့် ဖွဲ့စည်းထားရှိပြီး ယင်းအောက်တွင် ခရိုင်ခွဲ ၆၅ ခု၊ ကျေးရွာ ၄၉၈ ရွာ၊ ကျေးရွာငယ်နှစ်ထောင်ကျော်ဖြင့် ဖွဲ့စည်းထားပါသည်။

**ဥပဒေပြုရေးအာဏာ**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အမျိုးသားလွှတ်တော် (National Assembly–Parlamento Nacional) တစ်ရပ်သာရှိပြီး သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦးအား အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System–d'Hondt Method) ဖြင့် ရွေးကောက်တင်မြှောက်သည်။ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ အနည်းဆုံး ၅၂ ဦးမှ အများဆုံး ၆၅ ဦးအထိ ရှိနိုင်သည်။ သို့ရာတွင် ပထမဦးဆုံးအကြိမ် လွှတ်တော်သက်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ် ၈၈ ဦးရှိခဲ့ပြီး လွှတ်တော်သက်တမ်းမှာလည်း ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ခြောက်နှစ်ကြာမြင့်ခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသက်ဝင်ပြီးနောက် ၈၈ ဦး ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံက ပထမဦးဆုံးလွှတ်တော်ဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသောကြောင့်ဖြစ်သည်။

**တရားစီရင်ရေးအာဏာ**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ တရားစီရင်ရေးမဏ္ဍိုင်တွင် တရားလွှတ်တော်ချုပ်မှာ အမြင့်ဆုံးဖြစ်သည်။ သက်တမ်းလေးနှစ်ရှိသည့် တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌအား သမ္မတက ခန့်အပ်နိုင်ပြီး အခြားတရားလွှတ်တော်ချုပ်တရားသူကြီးများကို အမျိုးသားလွှတ်တော်နှင့် တရားစီရင်ရေးအဆင့်မြင့်ကောင်စီက ခန့်အပ်သည်။ အယူခံတရားရုံး၊ အဆင့်မြင့်အုပ်ချုပ်ရေး အခွန်နှင့် စာရင်းစစ်တရားရုံး၊ စစ်တရားရုံးများ၊ ရာဇဝတ်တရားရုံး၊ ခရိုင်တရားရုံး စသည်ဖြင့် အခြားတရားရုံးများလည်း ရှိသည်။

**ရွေးကောက်ပွဲအမျိုးအစားများနှင့် ရွေးကောက်ပွဲစနစ်များ**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် သမ္မတနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ပွဲများကျင်းပ၍ ရွေးချယ်တင်မြှောက်ပါသည်။ သမ္မတသက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ပြည်သူလူထုမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်း ဖြစ်ပါသည်။ အမျိုးသားလွှတ်တော် (National Assembly – Parlamenta Nacional) တွင် လွှတ်တော်ကိုယ်စားလှယ် ၆၅ နေရာရှိပြီး Closed List PR စနစ်ကို ကျင့်သုံးပါသည်။ နိုင်ငံရေးပါတီ ၂၀ ခန့်ရှိပြီး ရွေးကောက်ပွဲများကို ငါးနှစ်လျှင်တစ်ကြိမ် ကျင်းပပါသည်။ မဲမပေးမနေရစနစ် မဟုတ်ဘဲ အသက် ၁၇ နှစ် ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးလိုက ပေးနိုင်ပါသည်။

**သမ္မတရွေးကောက်ပွဲများ**

သမ္မတရွေးကောက်ပွဲများအား Two Round System ဖြင့်ကျင်းပပြီး ငါးနှစ်သက်တမ်းဖြစ်ကာ စုစုပေါင်းဆန္ဒမဲ၏ ၅၀ ရာခိုင်နှုန်း + ၁ ရရှိရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၇၅၊ ပုဒ်မ ၁၊ ၂ နှင့် ၃ အရ သမ္မတအဖြစ် အသက် ၃၅ နှစ်ပြည့်ပြီးသောတီမောနိုင်ငံသားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပြီး သမ္မတလောင်းအဖြစ် အနည်းဆုံးမဲဆန္ဒရှင် ၅၀၀၀ က အဆိုပြုရန်လိုအပ်သည်။ သမ္မတသက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ထပ်မံ၍ တစ်ကြိမ်သာ ပြန်လည်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၇၆၊ ပုဒ်မ ၁၊ ၂၊ ၃ နှင့် ၄ အရ သမ္မတရွေးကောက်ပွဲများအား အများစု အနိုင်ရစနစ်ဖြင့် ကျင်းပရမည်ဖြစ်ပြီး အကယ်၍ ဆန္ဒမဲထက်ဝက်ကျော်နှင့်အထက်ရရှိသည့် ကိုယ်စားလှယ်လောင်းမရှိပါက ဒုတိယအဆင့်ရွေးကောက်ပွဲများအား ပထမအကြိမ်မဲပေးပြီးသည့်နောက် ရက်ပေါင်း ၃၀ ပြည့်သည့်နေ့တွင် ကျင်းပပြုလုပ်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၇၈ အရ သမ္မတသည် နိုင်ငံတော်အဆင့် ပါတီဆိုင်ရာ ရာထူးတစ်ခုခု သို့မဟုတ် အခြားရာထူးတစ်ခုခုအား ထမ်းဆောင်ခွင့် မရှိသည့်အပြင် အခြားသော ပုဂ္ဂလိကရာထူးတာဝန်များလည်း ဆောင်ရွက်ခွင့်မရှိပါ။

(၄) ကြိမ်မြောက်သမ္မတရွေးကောက်ပွဲများကို ၂၀၁၇ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ မဲဆန္ဒရှင်စုစုပေါင်း ၇၄၃၁၅၀ ရှိခဲ့ပြီး ဆန္ဒမဲပေးသူ ၅၂၈၈၁၃ ဦးရှိခဲ့ကာ မဲပေးမှုရာခိုင်နှုန်း ၇၁ ဒသမ ၁၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ရွေးကောက်ပွဲအပြီး သမ္မတလောင်းများ တစ်ဦးချင်းစီအလိုက် ဆန္ဒမဲများရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | သမ္မတလောင်းအမည် | ပါတီအမည် | ဆန္ဒမဲအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | Francisco Guterres | Fretilin | ၂၉၅၀၄၈ | ၅၇.၀၈ |
| ၂ | AntÓnio da Conceição | Democratic Party | ၁၆၇၇၉၄ | ၃၂.၄၆ |
| ၃ | José Luís Guterres | Frenti–Mudança | ၁၃၅၁၃ | ၂.၆၁ |
| ၄ | José Neves | တစ်သီးပုဂ္ဂလ | ၁၁၆၆၃ | ၂.၂၆ |
| ၅ | Luís Alves Tilman | တစ်သီးပုဂ္ဂလ | ၁၁၁၂၅ | ၂.၁၅ |
| ၆ | Antonio Maher Lopes | Socialist Party of Timor | ၉၁၀၂ | ၁.၇၆ |
| ၇ | Ángela Freitas | Timorese Workers' Party | ၄၃၅၃ | ၀.၈၄ |
| ၈ | Amorim Vieira | တစ်သီးပုဂ္ဂလ | ၄၂၈၃ | ၀.၈၃ |
| စုစုပေါင်း | | | ၅၁၆၈၈၁ | ၁၀၀.၀၀ |

**အမျိုးသားလွှတ်တော် (National Assembly – Parlamento Nacional) ရွေးကောက်ပွဲများ**

အမျိုးသားလွှတ်တော်ဥပဒေ ပုဒ်မ ၉ အရ နိုင်ငံတစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ်အဖြစ်သာ သတ်မှတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၉၃၊ ပုဒ်မ ၂ အရ အနည်းဆုံး ၅၂ ဦးမှ အများဆုံး ၆၅ ဦး အထိ ရှိနိုင်သည်။ လွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော နိုင်ငံရေးပါတီများအနေဖြင့် မဲဆန္ဒနယ်အလိုက် ယင်းတို့၏ ကိုယ်စားလှယ်လောင်းများစာရင်း (Closed Lists) တွင် အဓိကကိုယ်စားလှယ်လောင်း ၆၅ ဦး၏အမည်စာရင်းနှင့် အရန်ကိုယ်စားလှယ်လောင်း အနည်းဆုံး ၂၅ ဦး ပါဝင်ရမည်ဖြစ်သည်။ ထို့ပြင် ယင်းစာရင်းတွင် အမျိုးသမီးကိုယ်စားလှယ်လောင်း လေးပုံတစ်ပုံ ပါရှိရမည် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်နေရာခွဲဝေရာတွင် d'Hondt method $\left(\frac{\text{ဆန္ဒမဲအရေအတွက်}}{\text{လွှတ်တော်ကိုယ်စားလှယ်နေရာအရေအတွက်}}\right)$ စနစ်ဖြင့် အသုံးပြုပြီး အနိမ့်ဆုံးသတ်မှတ်ထားသော ထောက်ခံမဲရာခိုင်နှုန်း လေးရာခိုင်နှုန်း ရရှိရမည်ဖြစ်ပါသည်။

လွှတ်တော်သက်တမ်း ငါးနှစ်ကာလအတွင်း လွှတ်တော်အစည်းအဝေးများကို ငါးကြိမ်ပြုလုပ်သည်။ လွှတ်တော်အစည်းအဝေး တစ်ကြိမ်စီအတွက် ကာလသတ်မှတ်ချက်မှာ တစ်နှစ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်ရှိလွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်အတွင်း လွှတ်တော်ဖျက်သိမ်းခဲ့ပါက (ဥပမာ ၂၀၁၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သကဲ့သို့) ကျန်ရှိနေသည့် ယင်းလွှတ်တော်အစည်းအဝေးများကို နောက်ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်သက်တမ်းတွင် ထပ်ပေါင်းထည့်သွင်းသည်။

**မဲပေးခွင့်သတ်မှတ်ချက်များ**

မဲဆန္ဒရှင်စာရင်းတွင် ပါရှိသည့် အသက် ၁၇ နှစ်ပြည့်ပြီးသူ တီမောနိုင်ငံသားများ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရေးအတွက် မဖြစ်မနေမှတ်ပုံတင်စာရင်းသွင်းရန် တီမောလက်စ်တေနိုင်ငံသားများတွင် တာဝန်ရှိသည်။ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅ အရ တရားရုံး၏ဆုံးဖြတ်ချက်ဖြင့် တရားဥပဒေအရ အကျဉ်းချခံရသူများ၊ စိတ်ပေါ့သွပ်သူများ မဲပေးခွင့်မရှိပါ။ စာမျက်နှာ ၁၇ သို့ ■

■ စာမျက်နှာ ၁၆ မှ

**လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း**

ဥပဒေအရာရှိ၊ နိုင်ငံ့ဝန်ထမ်း၊ ကာကွယ်ရေးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ဘာသာရေးဝန်ကြီးများ၊ သံတမန်များ၊ အမျိုးသားရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ အစရှိသည့် ရာထူးလက်ဝယ်ရှိသူများအား ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခွင့်မရှိပါ။ ကိုယ်စားလှယ်လောင်း အမည်စာရင်းများအားလုံး နိုင်ငံရေးပါတီ သို့မဟုတ် ညွန့်ပေါင်းပါတီက တင်သွင်းသည့် ကိုယ်စားလှယ်လောင်းစာရင်းတွင် ပါရှိရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းတစ်ဦး၏အမည်အား ကိုယ်စားလှယ်လောင်းစာရင်းတစ်ခုတွင်သာ ထည့်သွင်းခွင့်ရှိသည်။

ကိုယ်စားလှယ်လောင်းအမည်စာရင်းတွင် အနည်းဆုံး အဓိကကိုယ်စားလှယ်လောင်း ၆၅ ဦး၏ အမည်စာရင်းနှင့် အရန်ကိုယ်စားလှယ်လောင်း ၂၅ ဦး အမည်ပါဝင်ရမည် ဖြစ်ပါသည်။ ထို့ပြင် ကိုယ်စားလှယ်လောင်း လေးဦးပါသည့် အစုအဖွဲ့တစ်ခုလျှင် အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦး ပါရှိရသည် သို့မဟုတ် ကိုယ်စားလှယ်လောင်းစာရင်း၌ အနည်းဆုံးကိုယ်စားလှယ်လောင်း သုံးဦးမြောက်နေရာတိုင်းတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းအား ထည့်သွင်းရန်ဖြစ်သည်။ အဆိုပါ အမည်စာရင်းမှာ သက်ဆိုင်ရာလွှတ်တော်သက်တမ်းတစ်လျှောက်လုံးအတွက် အကျုံးဝင်သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး နုတ်ထွက်ခြင်း သို့မဟုတ် ဆက်လက်တာဝန်ထမ်းဆောင်မှု မရှိခြင်းကြောင့် လစ်လပ်ခဲ့ပါက သက်ဆိုင်ရာပါတီ သို့မဟုတ် ညွန့်ပေါင်းပါတီ၏ ကိုယ်စားလှယ်လောင်းအမည်စာရင်းတွင်ရှိသည့် ကိုယ်စားလှယ်လောင်းအား အစဉ်လိုက်ရွေးချယ်မည်ဖြစ်သည်။ အဓိက ၆၅ ဦးစာရင်းအနက် ရွေးချယ်ရန် ကိုယ်စားလှယ်လောင်း မကျန်ရှိတော့ပါက အရန်ကိုယ်စားလှယ်လောင်းစာရင်းမှ အစဉ်လိုက်အစားထိုး ရွေးချယ်မည်ဖြစ်သည်။

**မဲဆန္ဒရှင်စာရင်းပြုစုခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၆၅၊ ပုဒ်မ ၂ နှင့် ၆ အရ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းအား မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲများမကျင်းပမီတွင် မဲဆန္ဒရှင်စာရင်းအား ပြုစုထားရမည် ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ရွေးကောက်ပွဲဆိုင်ရာအက်ဥပဒေများအား လွတ်လပ်၍ အမှီအခိုကင်းသည့် အဖွဲ့အစည်းတစ်ရပ်က ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါအဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်မှုအား ဥပဒေအရ ဆောင်ရွက်ရမည် ဖြစ်သည်။ အနည်းဆုံး အသက် ၁၆ နှစ်ပြည့်ပြီးသည့် တီမောနိုင်ငံသားများသည် မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ခွင့်ရှိသော်လည်း ရွေးကောက်ပွဲနေ့တွင် အသက် ၁၇ နှစ်ပြည့်ပြီးသည့် နိုင်ငံသားများသာ မဲစာရင်းတွင် ပါဝင်မည်ဖြစ်သည်။

**ရွေးကောက်ပွဲနေ့၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း**

မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနေ့တွင် မဲစာရင်းရှိရာ နယ်မြေဒေသအတွင်းရှိ သက်ဆိုင်ရာ မဲရုံတွင် ၎င်းတို့၏ မဲဆန္ဒရှင်မှတ်ပုံတင်ကတ်ပြားပြသ၍ မဲပေးနိုင်သည်။ မဲဆန္ဒရှင် မှတ်ပုံတင်ကတ်ပြား မရှိသည့် မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာမဲရုံရှိ မဲဆန္ဒရှင်စာရင်းတွင် ၎င်းတို့၏အမည် ပါရှိပါက ၎င်းတို့၏ သက်သေခံကတ်ပြား သို့မဟုတ် တီမောနိုင်ငံကူးလက်မှတ်ကိုပြသပြီး ဆန္ဒမဲပေးနိုင်သည်။ အကယ်၍ နေရာဒေသတစ်ခုတွင် မဲရုံတစ်ရုံထက်ပို၍တည်ရှိနေပါက မဲဆန္ဒရှင်တစ်ဦးချင်းစီအလိုက် ၎င်းတို့နှင့်အနီးစပ်ဆုံးမဲရုံတွင် မဲပေးနိုင်ရန်အတွက် ၎င်းတို့၏ သက်သေခံကတ်ပြားများတွင် ကပ်ထားရမည့် သတ်မှတ်ထားသည့် စတစ်ကာများကို STAE က ထုတ်ပေးသည်။ သတ်မှတ်ထားသည့်ရက်များအတွင်းတွင် မဲဆန္ဒရှင်များက အဆိုပါစတစ်ကာများကို STAE ရုံးများတွင် သွားရောက်ထုတ်ယူရသည်။

မဲရုံများအား နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိဖွင့်လှစ်သည်။ မဲပေးစင်တာတစ်ခုလျှင် အုပ်ချုပ်သူတစ်ဦးစီရှိပြီး မဲရုံတစ်ရုံလျှင် မဲရုံဝန်ထမ်း ကိုးဦးနှင့် ကြီးကြပ်သူအရာရှိတစ်ဦး ထားရှိနိုင်သည်။ မဲရုံတစ်ရုံတွင် အနည်းဆုံးဝန်ထမ်း ခြောက်ဦးထားရှိရသည်။ မသန်စွမ်းမဲဆန္ဒရှင်များအား ၎င်းတို့ ရွေးချယ်ထားသည့် အခြားပုဂ္ဂိုလ်တစ်ဦး၏အကူအညီဖြင့် မဲပေးခွင့်ပြုသည်။ တီမောလက်စ်တေ သံရုံးနှင့် ကောင်စစ်ဝန်ရုံးများရှိရာ နိုင်ငံများတွင် နိုင်ငံပြင်ပ၌မဲပေးခြင်းကို ဆောင်ရွက်နိုင်သည်။

မဲပေးပြီးနောက်တွင် မဲရေတွက်ခြင်းကို မဲပေးစင်တာများ၌ ပြုလုပ်သည်။ ရလဒ်များအား မဲပေးစင်တာများ၌ ကပ်ထားကြေညာသကဲ့သို့ မြူနီစီပယ်ခရိုင် ၁၃ ခုရှိ မဲရေတွက်စုစည်းသည့် မြူနီစီပယ်စင်တာများ၌ စုစည်းသည်။ ယင်းသို့ ဆန္ဒမဲစုစည်းရေတွက်ရေးကော်မတီများကို STAE မှ မြူနီစီပယ်ညွှန်ကြားရေးမှူးများက ဦးဆောင်ပြီး မဲပေးစင်တာမှူးများ၊ STAE မှ ခန့်အပ်ထားသည့် အရာရှိများ ပါဝင်ဆောင်ရွက်သည်။ ရွေးကောက်ပွဲနေ့အပြီး နှစ်ရက်အတွင်းတွင် ဆန္ဒမဲစုစည်းရေတွက်ရေးကော်မတီများက မဲရလဒ်များအား အမျိုးသားရွေးကောက်ပွဲကော်မရှင်ထံ ပေးပို့ရသည်။ ကော်မရှင်သည် မဲရလဒ်များအား လက်ခံရရှိပြီးချိန်မှ ၇၂ နာရီအတွင်း စိစစ်ရပြီး ယင်းနောက် ၇၂ နာရီအတွင်း ခရိုင်အလိုက် ရွေးကောက်ပွဲရလဒ်များကို ကြေညာရသည်။

**ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်း**

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ချိုးဖောက်မှုများအား အမျိုးသားရွေးကောက်ပွဲကော်မရှင်ထံ တိုင်ကြားနိုင်သည်။ မဲရုံတွင် ရွေးကောက်ပွဲလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသော တိုင်ကြားချက်များအား STAE ထံ တင်ပြဆွေးနွေးမှုဖြင့် မဲရုံမှူးများက ဆုံးဖြတ်ဖြေရှင်းနိုင်သည်။ ယင်းဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက တိုင်ကြားသူသည် အမျိုးသားရွေးကောက်ပွဲကော်မရှင်ထံ ဆက်လက်တိုင်ကြားနိုင်သည်။ တိုင်ကြားစာရရှိပြီး ၇၂ နာရီအတွင်း ကော်မရှင်ကဆုံးဖြတ်ပေးရသည်။ ကော်မရှင်ထံတွင် အထူးသဖြင့် STAE ၏ မဲဆန္ဒရှင်စာရင်းဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ် ကန့်ကွက်လွှာများနှင့်စပ်လျဉ်းပြီး ဖြေရှင်းရန် တာဝန်ရှိသည်။ ပြစ်မှုဆိုင်ရာ ချိုးဖောက်မှုအား ကော်မရှင်က အစိုးရရှေ့နေထံ လွှဲပြောင်းပေးရသည်။ CNE နှင့် STAE တို့၏ ဆုံးဖြတ်ချက်များအပေါ် ကျေနပ်မှုမရှိပါက အယူခံတရားရုံး (Court of Appeal) ထံတွင် အယူခံဝင်နိုင်သည်။ ကော်မရှင်ကကြေညာသည့် ခရိုင်အဆင့် ရွေးကောက်ပွဲဆိုင်ရာရလဒ်များအပေါ် ကန့်ကွက်လိုပါက ရလဒ်များ ကြေညာပြီးချိန်မှ ၄၈ နာရီအတွင်း အယူခံတရားရုံး (Court of Appeal) ထံ တင်သွင်းနိုင်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၀၂ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံ၏ပထမဦးဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသီလာခံက ၂၀၀၁ ခုနှစ်တွင် စတင်မူကြမ်းရေးဆွဲခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုရန် လူထုဆန္ဒခံယူပွဲကျင်းပရန်မလိုအပ်ဘဲ ညီလာခံကအတည်ပြုပြီးသည့်နောက်တွင် နိုင်ငံ၏ လွတ်လပ်ရေးနေ့၌ စတင်အသက်ဝင်ခြင်းဖြစ်သည်။ အခန်း ခုနစ်ခန်းပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား နိုင်ငံ၏ တရားဝင် ဘာသာစကားဖြစ်သည့် တီတမ် (Tetum) နှင့် ပေါ်တူဂီ (Portuguese) ဘာသာစကားနှစ်မျိုးဖြင့် ရေးသားထားသည်။

**ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်းများ**

တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲသည့် အဖွဲ့အစည်း နှစ်ရပ်ရှိပြီး အမျိုးသားရွေးကောက်ပွဲကော်မရှင် (Comissão Nacional de Eleições – CNE) နှင့် ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေးအတွက် နည်းပညာအထောက်အပံ့ဆိုင်ရာအတွင်းရေးမှူးချုပ်ရုံး (Secretariado Técnico de Administração Eleitoral – STAE) တို့ဖြစ်သည်။ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ဆိုင်သောအဓိကဥပဒေမှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့်ဥပဒေ ၅/၂၀၀၆ ဖြစ်ပြီး ရွေးကောက်ပွဲစီမံအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများဟူ၍ အမည်သုံးစွဲခဲ့သည်။ ၂၀၁၁ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် အဆိုပါဥပဒေအား ပြင်ဆင်သည့် ဥပဒေ ၆/၂၀၁၁ ပြဋ္ဌာန်းခဲ့ပြီး CNE နှင့် STAE တို့အတွက် သီးခြားဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ ဖော်ပြခဲ့သည်။ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍အမှီအခိုကင်းသည့်အဖွဲ့အစည်းဖြစ်ပြီး ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးနှင့်အဖွဲ့အစည်းဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည်။ STAE သည် ၎င်း၏ ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် နည်းပညာဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော်လည်း အစိုးရ၏ ကမကထပြုမှုနှင့် ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းဖြစ်သည်။

CNE နှင့် STAE တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲနေ့ ရက်သတ်မှတ်ကြေညာခြင်း သို့မဟုတ် မဲဆန္ဒနယ်များသတ်မှတ်ခြင်းတို့အား ဆောင်ရွက်ရန်တာဝန်မရှိပါ။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို အယူခံတရားရုံး (Court of Appeal) ကလည်းကောင်း၊ ရွေးကောက်ပွဲနေ့ သတ်မှတ်ခြင်းကို သမ္မတကလည်းကောင်း ဆောင်ရွက်ပြီး ရွေးကောက်ပွဲအတွက် တစ်နိုင်ငံလုံးအား မဲဆန္ဒနယ်များ တစ်နယ်အဖြစ်သတ်မှတ်၍ဖြစ်စေ၊ ယခင်က သတ်မှတ်ထားသည့် အုပ်ချုပ်မှုနယ်မြေများအပေါ် အခြေခံ၍ဖြစ်စေ ဆောင်ရွက်သည်။ CNE နှင့် STAE ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များအား သမ္မတရွေးကောက်ပွဲနှင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ သီးခြားဥပဒေများတွင် အသေးစိတ်ဖော်ပြထားသည်။ တီမောလက်စ်တေသမ္မတနိုင်ငံတွင် သမ္မတရွေးကောက်ပွဲများ၊ လွှတ်တော်ရွေးကောက်ပွဲများနှင့် လူထုဆန္ဒခံယူပွဲများကျင်းပရန်အတွက် CNE နှင့် STAE ထံတွင်တာဝန်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

## လယ်ဝေးမြို့နယ်၌ ချောင်းမငယ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူရေးအတွက် ကွင်းဆင်းကြည့်ရှု

**လယ်ဝေး စက်တင်ဘာ ၅**

နေပြည်တော်နယ်မြေ လယ်ဝေးမြို့နယ် ချောင်းမငယ်ဆည်အတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာပိုမိုရရှိစားသုံးနိုင်ရေး၊ ငါးမွေးမြူခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာနမှ ချောင်းမငယ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားနှင့် ဆည်အနီးအနားရှိ ဒေသခံပြည်သူများအား ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းခြင်းနှင့် ဆည်နှင့်ဆက်စပ်လျက်ရှိသည့် ကျေးရွာပိုင်ကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဆည်တွင် ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး၊ ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦး၊ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးနှင့် ဝန်ထမ်းများ၊ ချောင်းမငယ်ဆည်တာဝန်ခံ ဦးညီမင်းထွန်းနှင့်အဖွဲ့၊ ဒေသခံရေလုပ်သားများနှင့်အတူ ချောင်းမငယ်ဆည်အတွင်း ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဆည်အတွင်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးသရုပ်ပြဆောင်ရွက်ရန်နေရာအား ကြည့်ရှုခဲ့ပြီး ချောင်းမငယ်ဆည်အနီးတွင်နေထိုင်၍ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်လျက်ရှိသော ရေလုပ်သားများအား ရေပေါ်လှောင်အိမ်စနစ်ငါးမွေးမြူခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်မှုအား ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ချောင်းမငယ်ဆည်နှင့် ဆက်စပ်လျက်ရှိသော ကျောက်တစ်လုံးကျေးရွာအုပ်စု၏ အများပိုင်အလှကန်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀ အား ကျေးရွာနေပြည်သူများ စားသုံးနိုင်ရန်အတွက် ငါးမျိုးစိုက်ထည့်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာငါးမွေးမြူရေးကော်မတီအဖွဲ့ဝင်များအား ငါးမွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# စက်တင်ဘာ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၈၂၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၄-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၅-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၇,၀၄၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၈၂၉) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၇၈၁,၁၈၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၁၅,၄၁၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၆၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၆၂,၉၅၆)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၆) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၈၉၁) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၄-၉-၂၀၂၁) ရက်နေ့ အထိ လူဦးရေစုစုပေါင်း (၄,၈၆၀,၂၆၄)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂,၆၇၀,၃၃၃) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၁၈၉,၉၃၁)ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၄-၉-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း(၇,၅၃၀,၅၉၇) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၅-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄)ခု | (၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၃)ခု | (၁၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇၃)ခု | (၁၅၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂၉)ခု | (၁၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၈၅)ခု | (၁၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၂၃)ခု | (၃၁၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၄,၇၁၅)ခု | (၂,၃၁၅)ဦး |
| စုစုပေါင်း | (၂၇,၀၄၂)ခု | (၂,၈၂၉)ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၄-၉-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၁၈၉,၉၃၁) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂,၆၇၀,၃၃၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၄,၈၆၀,၂၆၄) ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၇,၅၃၀,၅၉၇) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၇၆၅၃၅၆ | ၃၁၂၉၉၉၂၄ | ၆၆၅၈၅၈ |
| ၂။ | အိန္ဒိယ | ၃၂၉၈၈၆၇၃ | ၃၂၁၃၈၀၉၂ | ၄၄၀၅၆၇ |
| ၃။ | ဘရာဇီး | ၂၀၈၇၇၈၆၄ | ၁၉၈၃၈၉၁၂ | ၅၈၃၃၆၂ |
| ၄။ | ရုရှား | ၇၀၁၂၅၉၉ | ၆၂၇၀၇၃၁ | ၁၈၇၂၀၀ |
| ၅။ | ဗြိတိန် | ၆၉၄၁၆၁၁ | ၅၅၈၆၄၉၁ | ၁၃၃၁၆၁ |
| ၆။ | ပြင်သစ် | ၆၈၂၆၀၄၂ | ၆၃၅၆၁၇၉ | ၁၁၄၈၅၆ |
| ၇။ | တူရကီ | ၆၄၇၈၆၆၃ | ၅၉၀၆၃၇၆ | ၅၇၈၃၇ |
| ၈။ | အာဂျင်တီးနား | ၅၂၀၂၄၀၅ | ၄၈၉၅၉၈၈ | ၁၁၂၄၄၄ |
| ၉။ | အီရန် | ၅၁၂၉၄၀၇ | ၄၃၆၂၈၁၄ | ၁၁၀၆၇၄ |
| ၁၀။ | ကိုလံဘီယာ | ၄၉၁၆၉၈၀ | ၄၇၄၆၅၄၆ | ၁၂၅၂၃၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၂၉၀၂၀ | ၃၈၃၇၆၄၀ | ၁၃၅၈၆၁ |
| ၂။ | ဖိလစ်ပိုင် | ၂၀၈၀၉၈၄ | ၁၈၈၉၃၁၂ | ၃၄၂၃၄ |
| ၃။ | မလေးရှား | ၁၈၄၄၈၃၅ | ၁၅၇၀၈၂၇ | ၁၈၂၁၉ |
| ၄။ | ထိုင်း | ၁၂၈၀၅၃၄ | ၁၁၁၅၅၇၄ | ၁၂၈၅၅ |
| ၅။ | ဗီယက်နမ် | ၅၂၄၃၀၇ | ၂၉၁၇၂၇ | ၁၃၀၇၄ |
| ၆။ | မြန်မာ | ၄၁၅၄၁၆ | ၃၆၂၉၅၆ | ၁၅၈၉၁ |
| ၇။ | ကမ္ဘောဒီးယား | ၉၅၃၀၀ | ၉၀၆၈၄ | ၁၉၅၇ |
| ၈။ | စင်ကာပူ | ၆၈၆၆၀ | ၆၆၅၁၂ | ၅၅ |
| ၉။ | လာအို | ၁၅၇၆၁ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၃၃၂၉ | ၁၆၀၈ | ၁၄ |

ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့်ဆေးဝါးများ၏ ပေါက်ဈေးများ

(၅-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 2 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 3 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 4 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 5 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 6 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 7 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 8 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 9 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 10 | P.O Prednisolone | Box of 10x10 | 2000 | Aorta |

အခြားဆေးဝါးများ၏ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www/facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**တင်သွင်း**

ယနေ့တွင် ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ် နှင့် ထီးခီးစခန်း လေးခုတို့မှတင်သွင်းရာ ကုမ္ပဏီ ၁၀ ခုမှ ယာဉ်စီးရေ ၁၈ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် သုံးတန်၊ အောက်ဆီဂျင်(အိုးခွံ) ၇၂၀၊ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၇၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀၀ နှင့် နှာခေါင်းစည်း ၂၆ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည်(Bowser)ယာဉ်နှစ်စီးနှင့် အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခုမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

အကောက်ခွန်ဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ နှစ်ခုမှ Silex 1g Powder For Injection အခု ၂၀၀၀၊ Azimex Tablet အခု ၅၀၀၀၊ Demoxiclave Tablet အခု ၂၅၀၀၊ နယ်စပ်(ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်)တွင် ကုမ္ပဏီ ရှစ်ခုတို့မှ အိမ်သုံးအောက်ဆီဂျင်စက် အခု ၁၇၀၀၊ နှာခေါင်းစည်း ကီလိုဂရမ် ၁၁၆၀၀၊ အောက်ဆီဂျင်အရည် ၄၀ ဒသမ ၂၆ တန်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အခု ၂၀၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ Cannula အခု ၅၀၀၀၊ Sodium Chloride Injection ကီလိုဂရမ် ၆၀၉၆၀၊ Mannitol Injection ၂၆၈၇၃ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သာယာဝတီမြို့နယ်၌ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

**သာယာဝတီ စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးကြပ်ကာ ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် မြို့နယ်အတွင်းမှ အခြေခံစားကုန်များကို ဈေးနှုန်းကြီးမြင့်မှု မရှိစေရေး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။



မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်း၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် တစ်နေ့လျှင် ဆန်အိတ်ပေါင်း ၅၀ ခန့်ကို ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ရပ်ကွက်/ကျေးရွာများအတွင်း လှည့်လည်ရောင်းချပေးလျက် ရှိကြောင်း သိရသည်။

**သန့်ဇော်**

## ညောင်ဦးမြို့နယ်၌ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှု ကြည့်ရှုစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်သည် ယမန်နေ့ နံနက်ပိုင်းက ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေသောလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**တွင်းတိမ်တူးဖော်**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်နှင့် ဝန်ထမ်းများနှင့်အတူ မြို့နယ်အတွင်းရှိ ဒါန်းတွန်းတဲတိုက်၊ အုတ်လှေကားကျေးရွာနှင့် ချောင်းဖီလာတဲတိုက်တို့၌ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ဥယျာဉ်စုကျေးရွာ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေမှုနှင့် စပ်လျဉ်းပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးပါက ဒါန်းတွန်းတဲတိုက်၊ အုတ်လှေကားကျေးရွာ၊ ချောင်းဖီလာတဲတိုက်နှင့် ဥယျာဉ်စုကျေးရွာတို့မှ ပြည်သူများ၏ သောက်သုံးရေအတွက် ရာသီမရွေး အဆင်ပြေစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အေးသူ**

ဓမ္မ ပုံပြင်

# ညောင်ခေါင်းထဲမှ မြွေ

**မင်းယုဝေ**

**တစ်**ရံရောအခါ ညောင်ပင်ကြီးတစ်ပင်၏ ထိပ်ဖျားတွင် ကျီးဖို၊ ကျီးမ မောင်နှံတို့ နေထိုင်ကြသည်။ သူတို့သည် ကာလကြာမြင့်စွာ နေထိုင်လာခဲ့သည်နှင့်အမျှ သားငယ်၊ သမီးငယ်များလည်း ပေါက်ဖွားလာခဲ့သည်။

တစ်နေ့သ၌ မြွေဆိုးကြီးတစ်ကောင်သည် ကျီးဖို၊ ကျီးမတို့ နေထိုင်ရာ ညောင်ပင်အောက်ခြေရှိ ညောင်ခေါင်းထဲသို့ လာရောက်နေထိုင်သည်။ မြွေဆိုးကြီးသည် ဘေးရန်ပြုတတ်သူဖြစ်သည်။ ကျီးဖို၊ ကျီးမသည် ဘေးရန်ပြုတတ်သော သူမျိုးကို အိမ်နီးချင်းမတော်ချင်ပေ။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်သဖြင့် သည်တိုင်းပင် ဆက်လက်နေထိုင်လာခဲ့သည်။

နွေရာသီတွင် ကျီးမသည် ဥများ ဥသည်။ ယင်းတို့ကို အသိုက်ထဲတွင် ကောင်းစွာထားသည်။ မကြာမီ ရင်သွေးငယ်များ ပေါက်ဖွားလာသည်။ ကျီးဖို၊ ကျီးမသည် ရင်သွေးများကို ကောင်းစွာစောင့်ရှောက်ထားသည်။

တစ်နေ့တွင် ကျီးဖို၊ ကျီးမသည် ရင်သွေးငယ်များကို အသိုက်၌ထားကာ အစာရှာထွက်သွားကြသည်။ ထိုအခါ မြွေဆိုးကြီးသည် ညောင်ပင်ထိပ်ဖျားသို့ တက်သည်။ ကျီးဖို၊ ကျီးမ၏ ရင်သွေးငယ်များကို စားမျိုပစ်သည်။ ထို့နောက် ညောင်ခေါင်းတွင်းသို့ လျင်မြန်စွာ ပြန်ဆင်း၍ ဣန္ဒြေမပျက်နေထိုင်သည်။

ကျီးဖို၊ ကျီးမတို့ အစာရှာရာမှ ပြန်လာသောအခါ ရင်သွေးငယ်များကို မတွေ့ရတော့ပေ။ သူတို့သည် နေရာအနှံ့ ရှာဖွေကြသည်။ မတွေ့။ အဖော်ကျီးငှက်များကို မေးမြန်းစုံစမ်းကြသည်။ သတင်းအစအနမရ။ သူတို့သည် ပူဆွေးသောကရောက်ကာ သည်းထန်စွာ ငိုကြွေးကြ၏။

လအတန်ကြာသောအခါ ကျီးမသည် ဥများ ဥပြန်သည်။ မကြာမီ ဥများမှ ရင်သွေးများ ပေါက်ဖွားလာပြန်သည်။ ထိုအခါ ကျီးမသည် အစာရှာမလိုက်။ အသိုက်၌ နေရစ်ကာ ရင်သွေးများကို စောင့်ရှောက်နေသည်။ မကြာမီ မြွေဆိုးကြီးသည် ကျီးမ၏ ရင်သွေးများကို တက်ရောက်စားမျိုပြန်သည်။ သူသည် ကျီးငယ်များကို စားမျိုပြီး ညောင်ခေါင်းတွင်းသို့လျင်မြန်စွာဝင်၍ ခိုအောင်းနေလိုက်သည်။ ထိုအခါတွင်မှ ကျီးမသည် မြွေဆိုး၏ လက်ချက်ဖြစ်ကြောင်း သိသွားသည်။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်။ ငိုကြွေး၍သာ နေရှာသည်။

အစာရှာရာမှ ကျီးဖို ပြန်လာသောအခါ ကျီးမက ငိုယိုလျက် အဖြစ်မှန်ကို ပြောပြသည်။ ထိုနေရာကို စွန့်ခွာသွားရန်လည်း တိုက်တွန်းသည်။

ကျီးဖိုက...

"ငါတို့ နှစ်ပေါင်းများစွာ နေလာသောအရပ်ကို မစွန့်နိုင်ပါ။ ရန်သူကို နှိမ်နင်းနိုင်အောင်ငါကြိုးစားမည်။ ငါတို့မိတ်ဆွေ မြေခွေးအိုသည် အကြံဉာဏ်ကောင်းလှသည်။ ပညာလည်းရှိသည်။ သူ့ထံသွားရောက်၍ အကြံဉာဏ်တောင်းကြပါစို့"ဟူ၍ ဆိုကာ ကျီးမကို ဖျောင်းဖျခေါ်ဆောင်သည်။

သူတို့သည် မိတ်ဆွေမြေခွေးအိုထံသွားရောက်၍ အကျိုးအကြောင်း ပြောပြသည်။ အကြံဉာဏ်တောင်းသည်။ မြေခွေးအိုကြီးက သေချာစွာ စဉ်းစားဆင်ခြင်ပြီးလျှင် ကျီးဖို၊ ကျီးမတို့အား မြွေဆိုးကိုနှိမ်နင်းရန် ကျနစွာ ညွှန်ကြားလိုက်သည်။

မြေခွေးအို၏ အကြံပေးညွှန်ပြချက်အတိုင်းပင် နောက်တစ်နေ့၌ ကျီးဖို၊ ကျီးမတို့သည် မြစ်ဆိပ်သို့သွားကြသည်။ မြစ်ဆိပ်တွင် နန်းတော်မှ အပျိုတော်များ ရေချိုးနေကြသည်။ သူတို့သည် အဝတ်အစားများနှင့် လက်ဝတ်တန်ဆာများကိုချွတ်၍ ကမ်းစပ်တွင် ပုံထားသည်။ ကျီးမသည် ထိုပစ္စည်းများထဲမှ ပုလဲလည်ဆွဲတစ်ခုကို ဖြည်းညင်းစွာကောက်ချီ၍ ပျံသန်းသွားသည်။ ကျီးဖိုကလည်း နောက်မှ အော်မြည်၍ လိုက်သွားသည်။

ထိုအခြင်းအရာကို အနီးရှိ အစောင့်တို့မြင်ကြသော် တုတ်များကို ကိုင်ဆောင်၍ ကျီးနောက်သို့ လိုက်ကြသည်။ ကျီးဖို၊ ကျီးမတို့သည်လည်း အစောင့်များကို မျှားခေါ်လာကြသည်။ ညောင်ပင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျီးမသည် ပုလဲလည်ဆွဲကို မြွေဆိုးရှိရာ ညောင်ခေါင်း ထဲသို့ ပစ်ချလိုက်သည်။ ထို့နောက် ကျီးဖို၊ ကျီးမတို့သည် ပျံသန်း၍ အခြားသစ်ပင်တစ်ပင်ပေါ်တွင်နားကာ အဖြစ်အပျက်ကို ကြည့်ရှုနေကြသည်။

အစောင့်များသည် ညောင်ခေါင်းထဲတွင်ကျသွားသော ပုလဲလည်ဆွဲကို တုတ်ရှည်တစ်ချောင်းဖြင့် ကလော်၍ ထုတ်ယူကြသည်။ ထိုအခါ မြွေဆိုးသည် မိမိကို ရန်ပြုရန်လာသည်ထင်မှတ်ကာ ညောင်ခေါင်းမှ ထွက်လာသည်။ ပါးပျဉ်းထောင်ကာ အစောင့်များကို ရန်ပြုသည်။ ဤတွင် အစောင့်များက မြွေဆိုးကို ဝိုင်းဝန်းရိုက်သတ်လိုက်ကြသည်။ ထို့နောက် ပုလဲလည်ဆွဲကို ယူကာ ထွက်ခွာသွားကြသည်။

ကျီးဖို၊ ကျီးမက...

"ယခုမှပင် ငါတို့ ရန်အေးတော့သည်"ဟုဆိုကာ အသိုက်ရှိရာသို့ ပျံသန်းသွားကြသည်။ သူတို့သည် ပညာရှိသော မိတ်ဆွေ မြေခွေးအိုကို ကျေးဇူးတင်မဆုံး ရှိကြပေသည်။

**(ပဉ္စတန္တရမှ)**

**ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ် စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ကဗျာ

## ဇရာပီတိ

ဆံကျားသွားကြွေ၊ တွန့်လိပ်ရေနှင့်
သီဝေမျက်စေ့၊ မှုန်ရီဝေ့သည်
ယွင်းရွေ့ပျက်စီးချိန်တကား။
နံရိုးပြိုင်းပြိုင်း၊ ခါးကိုင်းကိုင်းနှင့်
နားထိုင်းတုန်ချည့်၊ ဇရာဖိသည်
ကြွေမည့် နောက်ဆုံးချိန်တကား။
ငါ့ဘဝနှယ်
ပျော်ဖွယ်မရှိ၊ နေမချိပြီ
သေမည့်ချိန်သာ၊ စောင့်မိပါဟု
ထပ်ကာ ဖန်ဖန်ဆိုသတည်း။
သို့ပါသော်ငြား၊ မိသက်ကျားဟု
အများဗိုလ်လူ၊ ပျို့ရွယ်သူတို့
ကြည်ဖြူရိုကျိုး၊ ရှိရှင်ခိုးသော်
ဝေဖြိုးပီတိ၊ သည်းတွင်အိလျက်
မိမိဘဝ၊ ကျေနပ်လှသည်
ခွန်းဟ သာစု သံတကား။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၃)၊ အမှတ်(၆)၊ (၆-၂-၇၁)

လူမှု ဘဝ

# ခက်ခဲသောဆယ်ကျော်သက်များနှင့် ဆက်ဆံနည်းများ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

**၄။ မလိုအပ်သော မေးမြန်းခြင်းကို ရပ်ပါ။**

အောက်ဖော်ပြပါ မလိုအပ်သောမေးခွန်းများ မေးမြန်းခြင်းကို ရပ်ပါ။

၁။ "မင်းဘာလို့ ဒီလိုလုပ်နေတာလဲ။"

၂။ "မင်းဒီလို မလုပ်ဘဲ ရပ်နိုင်လား။"

၃။ "မင်းရဲ့ ပြဿနာက ဘာလဲ။"

၄။ "မင်းကိုငါ ဘယ်နှကြိမ် ပြောရမလဲ။"

ဆယ်ကျော်သက်များသည် လိမ္မာပါးနပ်သောသူများဖြစ်၍ မလိုအပ်သောမေးခွန်းများ မေးမြန်းခြင်းကို ရပ်သင့်သည်။ အနာဂတ်တွင် သင်ပြောချင်သည်ကို အမှန်တကယ်တွေးဖို့ ကြိုးစားပါ။ အချို့အရာများက မေးမြန်းရန် မသင့်ပါ။

**၅။ တည်ငြိမ်ပါ။**

ခက်ခဲသောဆယ်ကျော်သက်တို့၏ အပြုအမူသည် အလွန်ပင်ခက်ခဲနိုင်သည်။ သူတို့သည် တစ်ခုခုကို မနှစ်သက်ကြသဖြင့် တုံ့ပြန်မှုရရှိဖို့ ကြိုးစားနေကြသူများ ဖြစ်သည်။ ဆယ်ကျော်သက်များ၏ သဘောထားနှင့် အပြုအမူသည် စီမံရန်ခက်ခဲသောအရာဖြစ်သည်။ ပထမဦးဆုံးအနေဖြင့် ဆယ်ကျော်သက်များကို အနှောင့်အယှက် ဖြစ်စေသည့်အရာက ဘာလဲဆိုတာကို ဦးစွာရှာရန် ကြိုးစားပါ။ ယင်းသည် များသောအားဖြင့် အခြေအနေတစ်ခုလုံးကို အထောက်အကူပြုသည်။ သို့သော် များသောအားဖြင့် ဆယ်ကျော်သက်များသည် သူတို့၏ခံစားချက်များကို မဆွေးနွေးလိုကြချေ။ သူတို့က ဒေါသထွက်ချင်ကြသည်။ သူတို့၏ စိတ်ပျက်စရာများကို တတ်နိုင်သမျှ ထုတ်ဖော်ပြချင်ကြသည်။ မိဘများသည် မိမိတို့၏စိတ်တင်းမာမှုကို လျော့နည်းအောင်ပြုလုပ်ပြီး ဆယ်ကျော်သက်တို့၏ စိတ်ဖိစီးမှုကို ပိုမိုကောင်းမွန်စွာကိုင်တွယ်နိုင်ရေး ကူညီနိုင်သည်။

**၆။ အပြုသဘောမဆောင်သော ဆယ်ကျော်သက်အပြုအမူသာ ဖြစ်သည်။ ဆိုးရွားသော ဆယ်ကျော်သက်တစ်ဦး မဟုတ်ပါ။**

ဆယ်ကျော်သက်များ၏ အပြုအမူသည် သူတို့ကို အရူးတစ်ယောက်လို ပြောဖို့ တွန်းအားပေးသော အချိန်အခါများ ရှိသည်။ မိဘများအနေဖြင့် ခက်ခဲသော ဆယ်ကျော်သက်များနှင့် ရင်ဆိုင်တွေ့ကြုံရသောအခါ ယင်းအချိန်များကို ကြုံရတတ်သည်။ ထိုအခါ အပြုသဘောဆန်ဆန် ဆက်ဆံပါ။ ထိုဆယ်ကျော်သက်များသည် သင့်ကို စိတ်အနှောင့်အယှက်ပေးနိုင်သော်လည်း သင်၏ကလေးများဖြစ်သည်ကို သတိမူပါ။ သူတို့ အကူအညီလိုသောအခါ သို့မဟုတ် အကြံဉာဏ်ယူလိုသောအခါ သင့်ကို တောင်းဆိုလိမ့်မည်။ သင်၏ အကြံပြုချက်ကြောင့် သူတို့၏ ဆယ်ကျော်သက်အပြုအမူကို ပိုမိုကောင်းမွန်အောင် ပြောင်းလဲသည့်အခါ သူတို့ကို သင်ချီးမွမ်းခြင်းပြုလုပ်နိုင်သည်။ အပြုသဘောဆောင်စွာ သူတို့၏ပြုပြင်မှုကို တည်ဆောက်ပေးရမည်ဖြစ်သည်။

**[Ref: How to deal with difficult teenagers, Internet]**

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ပြုံး စ ရာ

## မျောက်ကပိုသိမှာ

ဆရာမ။ မျောက်တစ်ကောင်ဟာ ဖီးကြမ်းနဲ့ သီးမွှေး ဘယ်ဟာကို ပိုနှစ်သက်မယ် ထင်သလဲ၊ မောင်မောင်။


တပည့်။ ဒီအဖြေကတော့ မျောက်က ပိုသိမှာပါ ဆရာမ။

## နောက်ကျနေကြပါ

အန်တီ။ နေမြင့်အောင်အိပ်ရင် ကိုယ့်ရဲ့ ကိုယ်စောင့်နတ်က နတ်သဘင်အစည်းအဝေးကို နောက်ကျတဲ့အတွက် ကိုယ့်ကိုကျိန်ဆဲတယ်တဲ့။ နောက်နေ့တွေ စောစောထပါ တူလေးရယ်။

တူ။ မစိုးရိမ်ပါနဲ့ အန်တီ၊ အစည်းအဝေးတစ်ခုဟာ ၂ နာရီ ၃ နာရီလောက် နောက်ကျပြီးမှ စဖြစ်ကြတာမျိုးပါ။

**မာတင်ဖဲ**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် စက်တင်ဘာ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၃၁၈၅ ဦးတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၁၈၃ ဦးတို့ကိုလည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူနှင့် အကျဉ်းသူ၊ အကျဉ်းသားများအပါအဝင် စုစုပေါင်း ၉၃၁၉ ဦးတို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၉၆၀ တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၁၃၃ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၆၉၂၆ ဦးတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၈၁၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၀၃၀၃ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူစုစုပေါင်း ၂၂၉၃ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၈၉၅၂ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၉၂၀ တို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လာရောက်ထိုးနှံသူဦးရေ ၂၉၆၉ ဦး ရှိပြီဖြစ်



**ပွင့်ဖြူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများအပါအဝင် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများကို ဦးစားပေးအုပ်စုအလိုက် ဩဂုတ်၂၉ ရက်မှစတင်၍ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ယနေ့အထိစုစုပေါင်း ကာကွယ်ဆေး လာရောက်ထိုးနှံသူဦးရေ ၂၉၆၉ ဦးရှိပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ထိုးနှံသူဦးရေ ၆၀၈ ဦးရှိ**

ထိုသို့ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးရာတွင် အသက်အရွယ်ကြီးရင့်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် သွားလာရေး အခက်အခဲရှိသော ပြည်သူများ အဆင်ပြေစွာ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးထိုးစုရပ် လေးနေရာခွဲ၍ ထိုးနှံပေးလျက်ရှိပြီး အဆိုပါဆေးထိုးစုရပ်လေးနေရာတွင် ယနေ့ ကာကွယ်ဆေး လာရောက်ထိုးနှံသူဦးရေ ၆၀၈ ဦးရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေး လာရောက်ထိုးနှံကြသူများ စိတ်အေးချမ်းသာစွာ ထိုးနှံနိုင်ရေးအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များက လိုအပ်သည်များကို နေ့စဉ်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ယခုဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပေးခြင်းကို စက်တင်ဘာ ၉ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့အထိ ကာကွယ်ဆေးလာရောက်ထိုးနှံသူဦးရေစုစုပေါင်း ၂၉၆၉ ဦး ရှိပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျောက်ဆည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် လူဦးရေ ၁၇၇၂ ဦး ထိုးနှံပြီး

**ကျောက်ဆည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရပ်ကွက်/ကျေးရွာများအတွင်းရှိ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinopharm) ထိုးနှံထားသော အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများနှင့် ပြည်သူများအား ယနေ့နံနက်ပိုင်းက စုကြီးရပ်ကွက် မြို့တော်ခန်းမ၌ ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများနှင့် ဦးစားပေး အဆင့်အလိုက် ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ လူဦးရေ ၁၁၁၆၄၇ ဦးအား ထိုးနှံပေးခဲ့ပြီး ဒုတိယအကြိမ်အဖြစ် လူဦးရေ ၁၇၇၂ ဦးအား ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသူများအား စုကြီးရပ်ကွက် မြို့တော်ခန်းမ၌ ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး**



# နောင်ချိုမြို့၌ ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများအား ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိ

**နောင်ချို စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများအား ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ထိုးနှံပေးသွားမည်**

အဆိုပါကာကွယ်ဆေး ထိုးနှံပေးရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော (Sinopharm)အမျိုးအစား ကာကွယ်ဆေးကို ဆေးတစ်လုံးလျှင် လူနှစ်ဦးနှုန်းဖြင့် ထိုးနှံပေးလျက်ရှိရာ ရဟန်းသံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ပရဟိတဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းမိသားစုဝင်များ ၁၂၀၀ ကို ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၃-၉-၂၀၂၁ မှအဆက်

[ ၅ ]

တစ်နေ့မဟုတ် တစ်နေ့၊ တစ်ကွေ့မဟုတ် တစ်ကွေ့တွင် မိမိအနေနှင့် ဦးအောင်ခန့်အား အလဲထိုးနိုင်လိမ့်မည်ဟု ဦးကောင်းမိုး ထင်ခဲ့သည်။ ယုံကြည်ခဲ့သည်။ မျှော်လင့်ခဲ့သည်။ သို့စေကာမူ အခြေအနေက သူထင်မှတ်သလို ဖြစ်မလာ။ ဦးအောင်ခန့်၏ အလဲထိုးခြင်းကိုသာ အကြိမ်ကြိမ် အတန်တန် ခံနေရကြောင်း တွေ့မြင်ရသည်။

ဘကျောက်အား ဘိန်းပစ်စေခဲ့ပြီး မအောင်မမြင်ဖြစ်ခဲ့ရသည်။ နောက်ပိုင်းတွင် အလူးအလဲခံရဖွယ် ကိစ္စရပ်များက ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ ရစ်ချတ်သည် မကွေးသို့ ပြောင်းသွားရသည်။ နှစ်တိုးသုံးနှစ် အဆိုင်းခံရသလိုလို ကြားရသည်။ ဘိန်းစားဘကျောက်မှာလည်း ခြေချုပ်နှင့် နယ်နှင်ခံရလေသည်။ ထိုနေ့ညက သူ့အဖွဲ့တွင် ပါဝင်သည့် ပုလိပ်သားအချို့မှာလည်း ပြုတ်သူပြုတ်၊ နယ်ပြောင်းသူပြောင်းနှင့် ကမောက်ကမ ဖြစ်ကြရသည်။

စင်စစ် ခေတ်ကိုကလည်း လက်ကြားယိုခေတ်။ ငွေများ တရားနိုင်ဆိုသလို အရာရာကို အဆုံးအဖြတ်ပြုနေသည်မှာ ငွေသာလျှင်ဖြစ်သည်။ ငွေကြေးပြည့်စုံတတ်နိုင်သော ဦးအောင်ခန့်သည် ရစ်ချတ်ထက် အရေးပါအရာရောက်သော ပုဂ္ဂိုလ်ကြီးများကို ချဉ်းကပ်နိုင်ခဲ့ပုံရသည်။ ငွေထိုးနိုင်ခဲ့ဟန်တူသည်။

ဦးအောင်ခန့်သည် ဦးကောင်းမိုးကို တိုက်ရိုက်ဒုက္ခဖြစ်အောင်ကား လုပ်မလာခဲ့။ သို့ပေမဲ့ သွယ်ဝိုက်သော နည်းဖြင့် တုံ့ပြန်သည်ပင်။ အခံရခက်စေရန် လက်သီးပုန်း ထိုးသည်ပင်။

ဦးကောင်းမိုးပိုင် ရေနံတွင်းရာအချို့ကို အခြားသူအား ဝယ်ယူစေသည်။ ၎င်းနောက် ထိုသူ့ထံမှ သူကတစ်ဆင့် ပြန်၍ ဝယ်ယူသည်။ ဝင်းခတ်ခြင်း ခံထားရသည့် ရေနံတွင်းရာ အချို့မှာ ဈေးအနှိမ်ခံရသည်။ အရောင်းအဝယ်မဖြစ်၊ ဖြစ်ပြန်တော့လည်း မတန်မဆ ဈေးနှိမ်ပေးခြင်းခံရသည်။

သည်အတွင်း ဦးအောင်ခန့်သည် တွင်းရိုးတွင်းစားများအကြား၌ ပိုမိုဝင်ဆံ့အောင်ပြုသည်။ သာရေးနာရေး ကိစ္စများတွင် သွက်သွက်လက်လက် ပါဝင်ဆောင်ရွက်ပေးသည်။ သူ့အိမ်တွင်လည်း မကြာခဏ ပွဲလုပ်လေ့ရှိပေသည်။ သူ၏ ပွဲမှာ မင်းပေါင်းစုံသည်။ လူစည်သည်။ သမီး ကင်ပွန်းတပ်လို ကိစ္စမျိုးတွင်ပင် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ပွဲပေးသည်။ မြို့ပေါ်ရှိ လူကုံထံ အသိုင်းအဝိုင်းမှာ ဦးအောင်ခန့်ကို များစွာလိုလားလက်ခံလာကြသည်။ အုပ်ချုပ်ရေးပိုင်းနှင့်လည်း အလွမ်းသင့်သည်။

တစ်ဖက်က ဦးအောင်ခန့် တရှိန်ရှိန် တက်လာသည်နှင့်အမျှ တစ်ဖက်တွင် ဦးကောင်းမိုးသည် တရိပ်ရိပ်ကျဆင်းနေရလေသည်။ စီးပွားရေးအခြေအနေမှာ ဖုံးကွယ်၍ မရနိုင်လောက်အောင် ယိုယွင်းလာသည်။




“ဦးအောင်ခန့်ရဲ့အိမ်ကြီးကို လောင်တာပေါ့။ ရေနံ့သာဝိုင်းကို လောင်နေတာပေါ့”

**မိမိမျက်စိအောက်မှာပင် မီးတောက်မီးလျှံအဖြစ် အသွင်ပြောင်းသည့် အုန်းလေးဖက်ချကာ၊ ဆင်ဝင်ထုတ်ကာ၊ မီးဖိုဆောင်အဖြစ် တသီးတသန့် အဆောင်တစ်ခုတွဲကာ ဆောက်လုပ်ထားသည့် ကြီးမားခံ့ထည်သော နှစ်ထပ်အိမ်ကြီးကို ဦးအောင်ခန့် စေ့စေ့ကြည့် . . .**

အရက်သောက်ခြင်း၊ အရက်မူးလျှင် အငြိမ်အသက်မနေ ရမ်းကားတတ်ခြင်းများအတွက် လူအထင်သေးခြင်း၊ ဝိုင်းပယ်ခြင်းများ ခံရသည်။

ဦးအောင်ခန့်အိမ်တွင် ဘိန်းပစ်စေခြင်းနှင့်စပ်လျဉ်းကာ တစ်ယောက်စကား တစ်ယောက်နားဆိုသလို တစ်စထက် တစ်စ ပြန့်သွားသည်။ လူတွေက ထိုအကြောင်းကိုပင် အလုပ်တစ်ခုလိုလုပ်၍ ပြောကြသည်။ ယင်းသတင်းကို ကြားရသူအပေါင်းက ဦးကောင်းမိုး၏ ကောက်ကျစ်စဉ်းလဲမှုကို ရွံ့ရှာစက်ဆုပ်စွာ ဝေဖန်ပြောဆိုခြင်း ပြုကြလေသည်။ ကွယ်ရာတွင် နှာခေါင်းရှုံ့ကြသည်။ အပြစ်တင်ကြသည်။

ဦးကောင်းမိုးသည် အရက်ကို ပို၍သောက်လာသည်။ အကြွေးလည်း ပို၍တင်လာသည်။ ရွှေဘုံသာရှိ ၎င်း၏ အိမ်ခြံဝင်းအချို့တစ်ဝက်ကိုပင် ပင်စင်စားတစ်ဦးအား ခွဲစိတ်ရောင်းလိုက်ရသည်။

ယင်းသို့ဖြစ်ရလေ ဦးကောင်းမိုးအနေနှင့် ဦးအောင် ခန့်အပေါ် အာဃာတပြင်းပြလာလေဖြစ်သည်။ တစ်ဖက်က တရှိန်ရှိန်တက်ကာ မိမိဘက်က တရိပ်ရိပ်ကျဆင်းလာ လေလေ မစ္ဆရိယစိတ် ပွားလာလေဖြစ်သည်။ မုန်းတီးနာကြည်းရခြင်းများက ရင်မှာ ပို၍ဂယက်ထန်လာရသည်။ သူ့ဘက်က အထက်စီးရနိုင်မည့် အချိန်ကာလကိုသာ အငြိုးအတေးပြင်းစွာ စောင့်မိတော့သည်။

တစ်ခုသော ပူလောင်ပြင်းပြလှသည့် နွေညတစ်ည။ သန်းခေါင်ယံအချိန်။

နေ့လယ်က သွားဟယ်လာဟယ် လုပ်ဟယ်ကိုင်တယ်နှင့် ပင်ပန်းခဲ့ရသမျှကို အတိုးချကာ လူအများတို့ နားနေ အိပ်စက်နေကြသည်။ နေ့လယ်က ပူလောင်ခဲ့သမျှ ယခုအခါတွင် အပူရှိန်လျော့ပါးစပြုလာသည်။

ယင်းအချိန်တွင် လူအပေါင်းတို့ အိပ်ရာမှ လန့်နိုးရလောက်အောင် ကျယ်လောင်ဆူညံသော အသံများ ထွက်ပေါ်လာသည်။

“မီးဗျို့၊ မီး မီး”

အထိတ်တလန့် အော်ဟစ်သံများနှင့် အတူ ကောင်းကင်သို့ ထိုးတက်လာသော မီးတောက်မီးညွန့်များကို မြင်ရသည်။ မီးလောင်ရာဘက်သို့ လူအများပြေးသွားကြသည်။ မီးလောင်ရာဘက်မှလည်း လူအချို့တို့ ပြေးလွှားလာကြသည်။

စင်စစ် ရေနံမြေမှာ မီးဆိုသောအသံကို ကြားရလေလျှင် စိတ်နှလုံးတုန်လှုပ်ရတတ်သည်။ လောင်စာပြည့်နေသော နယ်မြေဖြစ်၍ မီးကာကွယ်ရေးကို အလေးပေး လုပ်ဆောင်ခဲ့ကြသည်။ ထိုအတွင်းမှ မီးလောင်လာခြင်းဖြစ်၍ အံ့အားသင့်မိကြသည်။

“ဘယ်မှာ လောင်တာလဲ ဟင်”

တစ်စုံ တစ်ယောက်က မေးသည်။

“ရွှေကြာငုံမှာ”

မည်သူမှန်း မသဲကွဲသည့် လူတစ်ယောက်က ဖြေသည်။

“ဘယ်သူ့အိမ်တဲ့လဲ”

ယင်းအမေးကို မီးလောင်ရာဘက်မှ ပြေးလာသူများက ဖြေသည်။

“ဦးအောင်ခန့်ရဲ့ အိမ်ကြီးကို လောင်တာပေါ့။ ရေနံ့သာဝိုင်းကို လောင်နေတာပေါ့”

မီးတောက်မီးလျှံများသည် ပိုမိုကြီးမားလာသည်။ ကောင်းကင်သို့ မီးညွန့်မီးစွယ်များ ထိုးတက်လာသည်။ မီးတောက်က ဝါးမျိုလိုက်သဖြင့် တဖြောင်းဖြောင်း တဖျစ်ဖျစ် မြည်ဟည်းသံ၊ တစ်စုံတစ်ရာ ပေါက်ကွဲသံများ ထွက်ပေါ်လာသည်။

ပူပြင်းသောအရပ်ဖြစ်၍ အိမ်ကို တောင်ထန်းမိုးသည်။ ရေနံပေါသောအရပ်ဖြစ်၍လည်း အိမ်ထရံကို ရေနံအနှစ် သုတ်လိမ်းထားသည်။ ထို့ကြောင့်ပင် ယင်းအရာများမှာ အကောင်းဆုံးလောင်စာများ ဖြစ်လာရသည်။ မီးတောက်မီးရှိန်ကို ပိုမိုကြီးမားစေသည်။

မိမိမျက်စိအောက်မှာပင် မီးတောက်မီးလျှံအဖြစ် အသွင်ပြောင်းသည့် အုန်းလေးဖက်ချကာ၊ ဆင်ဝင်ထုတ်ကာ မီးဖိုဆောင်အဖြစ် တသီးတသန့် အဆောင်တစ်ခုတွဲကာ ဆောက်လုပ်ထားသည့် ကြီးမားခံ့ထည်သော နှစ်ထပ်အိမ်ကြီးကို ဦးအောင်ခန့် စေ့စေ့ကြည့်နေသည်။ မျက်တောင်မခတ်တမ်း ငေးနေသည်။

လူအချို့တို့က မီးကို ငြိမ်းသတ်ရန် ကြိုးစားနေကြသည်။ အချို့ကား မီးမကူးစက်ရန် အနီးအပါးရှိ အိမ်ခေါင်မိုးများပေါ်သို့ တက်၍ အဝတ်ရေစိုဖတ်ဖြင့် စောင့်ကြသည်။ မီးပွားလွင့်လာလျှင် အဝတ်ရေစိုဖတ်ဖြင့် ရိုက်ချကြရသည်။

ခြံက ကျယ်ဝန်းလျက် သစ်ပင်များလည်း ရှိသဖြင့် အခြားသို့ မီးကူးရန်မှာ စိုးရိမ်ဖွယ်ရာမရှိ။ မီးသည် အိမ်ကိုသာ အဆုံးတိုင် လောင်ကျွမ်းတော့မည့် အသွင်ရှိသည်။

ဦးအောင်ခန့်၏ မျက်နှာမှာ လာရောက်ရိုက်ဟပ်သော မီးရောင်ဖြင့် ပြောင်လက်နေသည်။ ချွေးရွှဲနေသည်။ မျက်လုံးများမှာလည်း တဖျပ်ဖျပ် တောက်ပနေသည်။

သူသည် မီးမလောင်ခင်ကဆိုလျှင် အိပ်မောကျနေခဲ့သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ အိပ်မက်လိုလို ဘာလိုလိုနှင့် ပူလောင်ခြင်းကို ခံစားရသည်။ အော်ဟစ်သံ အချို့ကြောင့် လန့်နိုးလာရသည်။ ထိုအခါ မီးဖိုဆောင်ခေါင်မိုးတစ်ခုလုံးကို စွဲလောင်နေသည့် မီးတောက်မီးလျှံများအား မြင်ရသည်။ အိမ်သားများမှာ ယောက်ယက်ခတ်နေသည်။ ဟိုပြေးရမလို သည်ပြေးရမလိုလို၊ ဟိုဟာယူရမလိုလို၊ သည်ဟာယူရ မလိုလို ဖြစ်နေသည်။

“ဟေ့ ပစ္စည်းတွေဘာတွေ ဘာတစ်ခုမှ မယူကြနဲ့ ။ လူကို လွတ်အောင်လုပ်။ ကလေးတွေကို အရသယ်ပြီး အိမ်ပေါ်က ဆင်း”

သူသည် အော်ဟစ်သတိပေးသည်။ သူကိုယ်တိုင်လည်း ဘာပစ္စည်းမှျမယူ။

သားကို လက်တွင်ဆွဲလျက် သမီးကို ရင်ခွင်ပိုက်ထားသည့် ဇနီးသည်ထံမှ သမီးဖြစ်သူကို ဆွဲယူပွေ့ချီလိုက်သည်။ ၎င်းနောက် သားကို လက်တစ်ဖက်က ဆွဲသည်။ အိမ်တံခါးပေါက်သို့ စွပ်ပြေးခဲ့သည်။

ယခင်က တုတ်ကောက်ကို အားပြု၍ လျှောက်ရပေမဲ့ သည်စဉ်ကမူ တုတ်ကောက်မပါ။ ခြေအနာကိုလည်း သတိမရ။

ဝိုင်းအပြင်သို့ရောက်လာလျှင် မိသားစု အစုံအလင်ဖြစ်အောင် စုလိုက်သည်။ သည်တွင် မမြလေး၏မိခင် ဒေါ်စောမင်း ပါမလာသေးကြောင်း တွေ့ရသည်။ ဒေါ်စောမင်းနှင့်အတူ ခြံစောင့်ထွန်းခင်ပါ ပျောက်နေသည်။

မီးသည် မီးဖိုမှသည် အိမ်မသို့ ကူးစက်လောင်ကျွမ်းစ ပြုနေပြီဖြစ်လေသည်။ စိုးရိမ်စိတ်ဖြင့် ရင်မှာတထိတ်ထိတ် ခုန်ရသည်။

“အမေ၊ အမေ ကျန်ခဲ့ပြီ၊ မီးထဲမှာ အမေကျန်ခဲ့ပြီ”

မမြလေးက အော်ဟစ်ငိုယိုရင်း ဆိုသည်။

ဦးအောင်ခန့်သည် ကလေးများကို လက်ပြောင်းပေးလျက် ဝိုင်းအတွင်း ပြန်လည်ဝင်ရောက် လာခဲ့သည်။ သန်သန်မာမာ ယောကျ်ားအချို့လည်း သူ့နောက်မှလိုက်ပါလာခဲ့သည်။ အိမ်ဆီသို့ အသော့ပင် ချဉ်းကပ်သည်။ ယင်းအခိုက် အိမ်ထဲမှထွက်လာသော အသွင်သဏ္ဌာန်တစ်ခုကို မြင်ရသည်။

ထွန်းခင်ဖြစ်ပါသည်။ ဒေါ်စောမင်းကို ပခုံးတွင်ပိုး၍ ပြေးထွက်လာသည်။

ထွန်းခင်၏ ပခုံးထက်မှ ဒေါ်စောမင်းကို လက်ပြောင်းယူကြရသည်။ ဒေါ်စောမင်းမှာ မီးဟပ်ခံရ၍ သတိမေ့နေသည်။ သို့ပေမဲ့ လက်ထဲမှ ကြိုးရှုံ့ ကတ္တီပါအိတ်ကိုမူ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားဆဲရှိကြောင်း တွေ့ကြရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့




လူကုန်ကူးမှုကိစ္စရပ်များကို သံသယရှိပါက အနီးဆုံးရဲစခန်း သို့မဟုတ် အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပါ-

နေပြည်တော် - ၀၉ ၄၉၅၅၅၆၆၆၊ ၀၉ ၄၉၅၅၅၇၇၇၊ ၀၉ ၄၉၅၅၅၈၈၈၊ ၀၉ ၄၉၅၅၅၉၉၉
ရန်ကုန် - ၀၉ ၈၈၀၁၂၂၅၅၅၊ ၀၉ ၈၈၀၁၂၂၆၆၆
မန္တလေး - ၀၉ ၈၈၀၁၂၂၇၇၇၊ ၀၉ ၈၈၀၁၂၂၈၈၈
မူဆယ် - ၀၉ ၈၈၀၁၂၂၉၉၉

# လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုများရယူနိုင်မည့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်း နံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09-889911155 |
| ၂ | ကချင်ပြည်နယ် | 09-661015555 |
| ၃ | ကယားပြည်နယ် | 09-889900022 |
| ၄ | ကရင်ပြည်နယ် | 09-889900033 |
| ၅ | ချင်းပြည်နယ် | 09-980000104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09-889900055 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09-661065555 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09-889900077 |
| ၉ | မကွေးတိုင်းဒေသကြီး | 09-889900088 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09-889900099 |
| ၁၁ | မွန်ပြည်နယ် | 09-889911177 |
| ၁၂ | ရခိုင်ပြည်နယ် | 09-889911188 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09-661125555 |
| ၁၄ | ရှမ်းပြည်နယ် | 09-889911133 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09-661145555 |



# သုဝဏ္ဏဘူမိကွင်းပြင်၌ သင်္ဘောသားအလုပ်သမား ၅၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(Sinopharm) ထိုးနှံပေး

**ရန်ကုန် စက်တင်ဘာ ၅**

ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)၏ ကူညီပံ့ပိုးမှုနှင့် တရုတ်ကုန်သည်ကြီးများအသင်းချုပ်၏ စီမံဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်(MSF) မှ မြန်မာသင်္ဘောသားအလုပ်သမား ၅၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinopharm) များကို သုဝဏ္ဏဘူမိကွင်းပြင်၌ ယနေ့နံနက်ပိုင်းက ထိုးနှံပေးခဲ့ကြောင်း မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်(MSF)မှ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အတိုင်း ဆေးထိုးနှံကြမည့်သူများအား လျှောက်လွှာပုံစံဖြည့်စွက်စေ၍ ဆေးထိုးနှံကြမည့်သူများ၏ စာရင်းအား ကောက်ယူထားရာ စာရင်းပေးသွင်းထားသူဦးရေ ၂၀၀ ရှိသောကြောင့် ယနေ့တွင် မြန်မာသင်္ဘောသားအလုပ်သမား ၅၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်မှ သင်္ဘောသားအလုပ်သမားများ အပါအဝင် အဖွဲ့ဝင်မဟုတ်သည့် မည်သည့်သင်္ဘောသား အလုပ်သမားမဆို လာရောက်ထိုးနှံရန် စာရင်းပေးသွင်းနိုင်ကြပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထိုးနှံရန်အတွက် ကာကွယ်ဆေးဖိုးခ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားကြောင်း၊ လက်ရှိကာကွယ်ဆေးထိုးနှံရန်အတွက် ထပ်မံစာရင်းပေးသွင်းထားသူများ ရှိလာသောကြောင့် ထိုးနှံမည့်သူများစာရင်းကို ကောက်ယူထားကြောင်း မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်က ပြောသည်။

"ကာကွယ်ဆေးထိုးနှံထားသည်ဖြစ်စေ၊ မထိုးနှံထားသည်ဖြစ်စေ တစ်ဖက်နိုင်ငံတွေကတော့ သင်္ဘောသားတွေ တာဝန်ထမ်းဆောင်ဖို့ အလုပ်ခေါ်နေကြတာမို့ လက်ရှိမှာလည်း သွားနေကြပါတယ်။ နိုင်ငံခြားမှာသွားပြီးတော့ အလုပ်လုပ်တဲ့အခါကျတော့ သင်္ဘောပေါ်မှာ ကျန်းမာရေးစောင့်ရှောက်မှုက လွယ်လင့်တကူ မရနိုင်ဘူးလေ။ ကာကွယ်ဆေးထိုးမထားတဲ့အတွက်ကြောင့် သင်္ဘောပေါ်မှာ ရောဂါကူးစက်မှုတွေဖြစ်လာတာ တွေ့ရသလို အခုဆိုရင် တစ်ဖက်နိုင်ငံတွေက အလုပ်ရှင်တွေအနေနဲ့လည်း ကာကွယ်ဆေးထိုးနှံပြီးသား သင်္ဘောသားတွေကိုပဲ အလုပ်ခန့်ဖို့အတွက်ကို နည်းနည်းလေး တာစူလာတာတွေ့ရတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ သင်္ဘောသားတွေကလည်း ကာကွယ်ဆေးထိုးနှံဖို့ကို စိတ်အားထက်သန်လာကြတာမို့ ဆေးထိုးနှံဖို့ အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကပ္ပတိန် စိုးမင်းအောင်က ပြောသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

## မြောက်ဦးခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသံချဲ့စက်ဖြင့် လှည့်လည်အသိပညာပေး

**မြောက်ဦး စက်တင်ဘာ ၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော မြောက်ဦးမြို့၊ ကျောက်တော်မြို့နှင့် မြေပုံမြို့နယ်တို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁၀ နာရီက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများကို မြို့တွင်းနှင့် ကျေးရွာများသို့ သွားရောက်ပြီး အသံချဲ့စက်ဖြင့် လှည့်လည်အသိပညာပေးနိုးဆော်ခဲ့ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)



## ပန်းတနော်မြို့နယ် ဒေါ်ဝါးရေထိန်းတံခါးအတွင်း ငါးမျိုးစိုက်ထည့်

**ပန်းတနော် စက်တင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေရှည်စဉ်ဆက်မပြတ် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပန်းတနော်မြို့နယ် ဒေါ်ဝါးရေထိန်းတံခါးအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တလုပ်လှငါးလုပ်ငန်းစခန်းနှင့် ပသွယ်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၉ ဒသမ ၅ သိန်းအား ဒေါ်ဝါးရေထိန်းတံခါးအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၅**
တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ သီရိမင်္ဂလာကျောင်းတိုက်နှင့် မဟာဗောဓိကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ သီရိမင်္ဂလာသိပ္ပံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ မဟာစန္ဒာရုံကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်နှင့် ကံသာယာထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အထက်လေသာ ရပ်ကွက် အဓိပတိမဟာဂန္ဓဝင်ဘုန်းတော်ကြီးကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရွာဘဲကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အောင်ချမ်းသာကျောင်းတိုက်၊ အောင်မြဘုံစံထင်းရှူးတောင်ကျောင်း၊ မဏိဇောတကျောင်းတိုက်၊ သာသနာ့ရံသီကျောင်းတိုက်၊ မဟာမြိုင်တောရကျောင်းတိုက်နှင့် အောင်သိဒ္ဓိကိုးတောင်ပြည့်ကျောင်းတိုက်များရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လက်ပံတန်းမြို့နယ် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**လက်ပံတန်း စက်တင်ဘာ ၅**
ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ပေါ်များစေရေး၊ ငါးမျိုးပြုန်းတီးမှုလျော့ပါးစေရေးနှင့် ဒေသနေပြည်သူများ ငါးစားသုံးမှုနှုန်း မြင့်မားစေရေးတို့အတွက် ယနေ့တွင် လက်ပံတန်းမြို့နယ် သဘာဝရေပြင် မြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ဆောင်ရွက်ခဲ့သည်။



အဆိုပါအခမ်းအနားတွင် နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၉၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ နှင့် ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၉၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ထန်းတပင်မြို့နယ် လှိုင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ထန်းတပင် စက်တင်ဘာ ၅**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ လှိုင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ထန်းတပင်မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ ယာယီဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးဝေစိုး၊ အဖွဲ့ဝင်(၁)ဦးမိုးကျော်သူ၊ အဖွဲ့ဝင် (၃) ဦးအေးဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ စီမံကိန်းဦးစီးမှူး ဒေါ်စန္ဒာစိုး၊ စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝင်းကို၊ ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲမှုဦးစီးမှူး ဦးစံဝင်းကျော်၊ ငါးလုပ်ငန်းဦးစီးမှူး ဦးနေဝင်းအောင်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဇော၊ လေးထောင့်ကန်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်နှင့် မြို့နယ်စခန်း ဝန်ထမ်းများ၊ ဒေသခံရေလုပ်သားများ တက်ရောက်ပြီး လှော်ကားစခန်းနှင့် လေးထောင့်ကန်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၆၀၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးလိဂ်ပြိုင်ပွဲကို လာမည့်နှစ်မှသာ ပြန်လည်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၅**
မြန်မာနေရှင်နယ်လိဂ်သည် ယခုနှစ်တွင်ကျင်းပရန် စီစဉ်ထားသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကို လာမည့်နှစ်မှသာ ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်တွင်ကျင်းပရန် စီစဉ်ထားသည့် လိဂ်ပြိုင်ပွဲများအပါအဝင် ပြိုင်ပွဲငါးခုကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖျက်သိမ်းခဲ့ရပြီး လာမည့်နှစ်မှသာ ပြန်လည်ကျင်းပနိုင်တော့မည်ဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး သုံးကြိမ်အပြီးတွင် ရပ်နားထားရခြင်းဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီနှင့် ၂၀၁၈-၂၀၁၉ ရာသီ သုံးကြိမ်ကျင်းပနိုင်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် မကျင်းပနိုင်ခြင်းဖြစ်သည်။ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် မြန်မာ့လက်ရွေးစင်နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အမျိုးသမီးအသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၀ နှင့် ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီတွင် အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းပြိုင်ပွဲအပြီးတွင် အသင်းအချို့ ဖျက်သိမ်းခြင်းများရှိခဲ့သော်လည်း အသင်းသစ်အချို့လည်း ထပ်တိုးလာမည်ဖြစ်သည်။ လာမည့်ရာသီမှစတင်ကာ အမျိုးသမီးလိဂ်ပြိုင်ပွဲအား တာဝန်ယူကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ပြိုင်ပွဲကျင်းပမည့်ကာလ သတ်မှတ်ပြီးမှသာ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများ ပြန်လည်အတည်ပြုသွားမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ၂၀၁၆-၂၀၁၇ ရာသီ၌ မြဝတီအသင်း၊ ၂၀၁၇-၂၀၁၈ ရာသီ၌ မြဝတီအသင်းနှင့် ၂၀၁၈-၂၀၁၉ ရာသီ၌ အား/ကာသိပ္ပံအသင်းတို့ ဗိုလ်စွဲခဲ့သည်။ **ကိုညီလေး**

**○ ကမ္ဘာ့နံပါတ်တစ်မှ**
အကြိမ် ၂၀ အထိရယူဆွတ်ခူးထားနိုင်ခဲ့တာကြောင့် အခု အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဗိုလ်စွဲကာ ၂၁ ကြိမ်မြောက် ဂရန်းဆလမ်းဆုဖလားကို ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားသူဖြစ်ပါတယ်။

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ဂျပန်တင်းနစ်ကစားသမားနီရှီကိုရီကို အနိုင်ရရှိခဲ့ပြီးနောက် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ စတုတ္ထအဆင့်မှာ အမေရိကန်တင်းနစ်ကစားသမား ဂျန်ဆန်ဘရွတ်စ်ဘိုင်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အသက် ၂၀ အရွယ်ရှိ အမေရိကန်တင်းနစ်ကစားသမား ဂျန်ဆန်ဘရွတ်စ်ဘိုင်ဟာ ၂၀၀၂ ခုနှစ်နောက်ပိုင်း အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ စတုတ္ထအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ အသက်အငယ်ဆုံးတင်းနစ်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ **ငွေကြယ်**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**
**စာတည်း**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးမြင့်သိန်း

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**(ကျုံမငေး)**

### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းဖေ-ဒေါ်လှရင်)တို့၏သား၊ ဦးစိုးလှမင်း-ဒေါ်ဇာခြည်ဖြိုး (Galactic Power Co.,Ltd)၊ ဦးအောင်ဖြိုးသူတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အဂ္ဂမင်းမြတ်(MIS)၊ မောင်သုတမင်းဆက်(PISM)တို့၏ အဘိုး ဦးစိုးမြင့်သိန်းသည် ၂-၉-၂၀၂၁ ရက် မွန်းလွဲ ၂:၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ (၈၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ ည ၇:၁၅ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၉-၂၀၂၁ ရက်တွင် လင်းလွန်းကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းအား ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

**(၃-၉-၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၉)နှင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉) တို့တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်လဲ့ဝေ(စဉ်-၁၃၂၉၁)၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်အသိပေးတားမြစ်ကန့်ကွက်ခြင်း**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၈)လမ်း၊ အမှတ်(၁၅၈)၊ မြေညီထပ်၊ အကျယ်အဝန်း ပေ(၂၅x၆၀)ရှိ တိုက်ခန်းကို အမည်ပေါက် လက်ရှိဖြစ်ခဲ့သူမှာ ဦးအောင်ထွန်းဖြစ်ပါသည်။ ဦးအောင်ထွန်းနှင့်ဇနီး ဒေါ်အုန်းကျင်တွင် သားသမီး(၄)ဦးရှိရာ (၁)ဒေါ်ခင်အေးတင့်၊ (၂)ဒေါ်ခင်အေးကြူ၊ (၃)ဦးခင်မောင်ကြီး၊ (၄)ဦးခင်မောင်အေး(ကွယ်လွန်)တို့ဖြစ်ကြပါသည်။

ဦးအောင်ထွန်း ကွယ်လွန်သွားသဖြင့် အဆိုပါတိုက်ခန်းနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်ခံရရှိသူ ဇနီးဒေါ်အုန်းကျင် သက်ရှိထင်ရှားရှိပါလျက် ဒေါ်ခင်အေးကြူမှ တစ်ဦးတည်းရောင်းချရန် စရန်ငွေရယူခြင်းကို ကျန်ရှိသည့် မောင်နှမများ၏ သိရှိသဘောတူ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ၎င်းတစ်ဦးတည်းအနေဖြင့် ရောင်းချရန် ဆောင်ရွက်ခြင်းအား အောက်ပါကန့်ကွက်သူတို့မှ သဘောမတူပါကြောင်းနှင့် အရောင်းအဝယ်ဆက်လက်ပြုလုပ်ပါက ကန့်ကွက်ပါကြောင်း အများသိစေရန် ပြန်လည်အသိပေးတားမြစ်အပ်ပါသည်။

| | |
|---|---|
| **ဦးခင်မောင်ကြီး(သား)** | **ဒေါ်ခင်အေးဆင့်(ဦးခင်မောင်အေး၏ဇနီး)** |
| **[၁၂/အလန(နိုင်)၀၂၀၂၈၁]** | **[၁၂/ပဇတ(နိုင်)၀၁၄၅၉၉]** |

**တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထိန် B.A,H.G.P,R.L,D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၀၇/၉၄)**
**အမှတ်(၅၈/၃)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၇၂၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ပျော်ဘွယ်လေးကြိုးစက်ဝင်း၊ ကျိုက်ဝိုင်းဘုရားလမ်းအနီး၊ အမှတ်(၃၃/D-1)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-သမိုင်း)၊ မြေကွက်အမှတ်(၁၀/ဇ^၁-၄-ဘီ)ဟုခေါ်တွင်သော ဧရိယာ(၀.၀၅၂)ဧကရှိ မြေပိုင်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အဏ္ဏဝါလင်းဦး[၁၂/ကမရ(နိုင်)၀၁၄၆၅၅]အမည်ဖြင့် မှတ်သားတည်ရှိနေသော မြေပိုင်မြေကွက်နှင့် အဆောက်အဦဖြစ်ပါသည်။ အမည်ပေါက်ပိုင်ရှင် ဒေါ်အဏ္ဏဝါလင်းဦးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စောကလျာဦး[၁၂/ဗဟန(နိုင်)၀၀၀၆၀၁] ထံမှ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နီနီမြင့်[၁၂/လမန(နိုင်)၀၀၅၈၅၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ယင်းနေအိမ်အပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက မြေကွက်နှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နီနီမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**(KHIN MAR LAR LAW FIRM)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၂)လမ်း/တောင်၊ အမှတ်(၂၅၃)နေ ဒေါ်သန်းသန်း[၁၂/သကတ(နိုင်)၀၃၉၃၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းသည် (၉-၄-၂၀၀၈)ရက်နေ့တွင် ကွယ်လွန်သွားသည့် ဦးမောင်မောင်သင်း (TKA-၀၁၆၅၃၅)နှင့် (၁-၆-၁၉၈၀)ခုနှစ်၌ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ တရားဝင်ထိမ်းမြားလက်ထပ် ပေါင်းသင်းခဲ့ရာ သား(၂)ဦး၊ သမီး(၁)ဦး ထွန်းကားခဲ့ပြီး အကြီးဆုံးသားဖြစ်သူ ဦးအောင်သန်းမှာ (၂၇-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်း၏ ခင်ပွန်းဖြစ်သူ ဦးမောင်မောင်သင်း မကွယ်လွန်မီက ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၁၂၅၀)၊ မြေကွက်တည်နေရာအမှတ်(၁၂၅၀)၊ သခင်အုန်းဖေကြီးလမ်း၊ ၄၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ မြေကွက်အား လက်ထပ်ပွားအဖြစ် ဖြစ်ထွန်းပိုင်ဆိုင်ခဲ့ပြီးနောက်ခင်ပွန်းဖြစ်သူ ဦးမောင်မောင်သင်း ကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းမှ (၂၉-၇-၂၀၁၄)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကြေညာစာချုပ်အမှတ်-၄၇၁၃ အရ တရားဝင်စာချုပ်ချုပ်ဆို၍ ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင် ဝင့်ထည်စံ ဆောက်လုပ်ရေးကုမ္ပဏီဖြင့် ပူးပေါင်းကာအခန်းပေး အခန်းယူစနစ်ဖြင့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦအား ဆောက်လုပ်ခဲ့ပြီး အဆိုပါအဆောက်အဦ၏ ခေါင်းရင်းပိုင်း၊ မြေညီထပ်(ဘီ-၁)၊ ပထမထပ်(ဘီ-၂)၊ ဒုတိယထပ်(ဘီ-၃)၊ တတိယထပ်(ဘီ-၄)၊ စတုတ္ထထပ်(ဘီ-၅)၊ ပဉ္စမထပ်(ဘီ-၆)ဟုခေါ်တွင်သော အခန်း(၆)ခန်းအား မြေရှင်ဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းမှ ပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ အဆိုပါမြေနှင့်ယင်းမြေပေါ်ရှိ တိုက်ခန်း(၆)ခန်းအား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်လာခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)**

| | |
|---|---|
| **ဦးရဲအောင်နိုင်ထူး(LL.B)WIPO(Switzerland)** | **ဒေါ်ဖြိုးပိုပို (LL.B)WIPO(Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၃၃၀၄၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၄၁၆၈)** |

**အမှတ်-၃/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၈၄၃၄၅၀၇၊ ၀၉-၇၇၂၇၆၆၇၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသက်တင်

**ကျန်းမာရေးပညာအရာရှိ(ငြိမ်း)**

### အသက်(၁၀၀)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ ဈေးလမ်း၊ အမှတ်(၃၄)နေ (ဦးမောင်နု-ဒေါ်ကျင်အိမ်)တို့၏သား၊ (ဦးဒါဘာ-ဒေါ်စိန်ရင်)တို့၏ သားသမက်၊ (ဒေါ်လှကြွယ်)၏ခင်ပွန်း၊ (ဦးစိုးမြင့်)-ဒေါ်သန်းသန်းဝင်း၊ ဦးကြည်ဝင်း(မြို့နယ်အုပ်ချုပ်ရေးမှူး-ငြိမ်း၊ ထွေ/အုပ်)-ဒေါ်စီစီနိုင်၊ [ဦးဝင်းမောင်(အထက်တန်းရှေ့နေ)]- ဒေါ်ခင်စန်းနွယ်(မြို့နယ်သ/မ-ငြိမ်း)၊ ဦးအောင်ဝင်းသိန်း(ခရိုင်ဦးစီးမှူး-ငြိမ်း၊ လဝက)-ဒေါ်တင်တင်ခိုင်၊ ဦးသိန်းဌေး(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျွမ်းကျင်သူ၊ စစစ)-ဒေါ်စမ်းစမ်းမြင့်(စက်မှု/အထည်-ငြိမ်း)၊ (ဦးစိုးအောင်ကျော်)-ဒေါ်မြင့်မြင့်စိုး(မအူပင်စာတိုက်-ငြိမ်း)၊ (ဦးတင်ထွန်းဝင်း)၊ ဦးညွန့်ဦး-ဒေါ်မာမာအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်ခုနှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၉-၂၀၂၁ (စနေနေ့) ညနေ ၅:၁၀နာရီတွင် လူကြီးရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၉-၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှ ဆွေမျိုး၊ မိတ်ဆွေ၊ သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရွှေဝင်း

### အသက်(၈၃)နှစ်

မကွေးတိုင်းဒေသကြီး၊ မြို့ဦးရပ်ကွက်၊ တိုင်းလုံးအောင်လမ်း၊ အမှတ်(၁၄)နေ (ဦးမြကောင်း)၏ ဇနီး၊ အမေရိကန်နိုင်ငံနေ ဒေါက်တာစိန်အောင်-ဒေါက်တာဌေးဌေးမြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ခင်ငြိမ်း၊ ဦးအောင်ကျော်မိုး-ဒေါ်အေးအေးမာ၊ ဦးရဲမင်းထွန်း-ဒေါ်တင်တင်ဝေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ စိုက်ပျိုးရေးသုတေသနဝင်းရှိ ရိတ်သိမ်းချိန်လွန်နည်းပညာဌာနနေ ဦးအေးလွင်-ဒေါက်တာလှလှမြင့်တို့၏ မိခင်၊ မြေး ကိုးယောက်တို့၏ ဘွားဘွား ဒေါ်ရွှေဝင်းသည် ၅-၉-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် နေပြည်တော် ကျေးကြီးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၂၁ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးခင်စိုး(ငြိမ်း)

**ကြည်း-၁၀၃၈၅(ဗိုလ်သင်တန်းအပတ်စဉ်-၃၁)**

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၂၅)နေ ဒေါ်ခင်ခင်တင့်၏ခင်ပွန်း၊ ဦးဌေးအောင်(ဒုအကောက်ခွန်မှူး-ငြိမ်း)-ဒေါ်ဥမ္မာစိုး၊ ဦးဇော်မင်းစိုး(စာရင်းစစ် နစ၊ ပြည်)-ဒေါ်ခင်စမ်းဝင်း (ဦးစီးအရာရှိ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)၊ ဦးသန်းနိုင်-ဒေါက်တာမြသန္တာစိုး (ကထိက၊ ရူပဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးအောင်သန်းဦး-ဒေါ်တင့်နန္ဒာစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး လေးယောက်တို့၏အဘိုး ဗိုလ်ကြီးခင်စိုး(ငြိမ်း)သည် ၂၆-၈-၂၀၂၁(ကြာသပတေးနေ့) နံနက် ၈:၅၃နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပြင်ဦးလွင်မြို့ စမိုင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်နီနီယံမြင့်(ခ)ဒေါ်နီနီ(ခ)မရ်ယမ်ဘီ

**မှူ/အုပ်(ငြိမ်း) MLA INTERNATIONAL SCHOOL**

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၆)လမ်း၊ အမှတ်(၁၅)၊ ပထမထပ်(ညာ)နေ [ဦးတင်လှ(ခ) ယူနွတ်စ်ဘိုင်] ၏ ဇနီး၊ ဆရာမကြီး ဒေါ်နီနီ (မှူ/အုပ်-ငြိမ်း) (MLA INTERNATIONAL SCHOOL)၊ ဦးကျော်မြင့်-ဒေါ်နီလာတင်၊ (ဦးကျော်စွာတင်)၊ ဦးအောင်စိုးတင်-ဒေါ်နီလာအောင်၊ ဒေါ်ဇာဇာတင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့အဘွား ဒေါ်နီနီ(ခ)မရ်ယမ်ဘီသည် ၁-၉-၂၀၂၁ရက် ည ၁၁ နာရီတွင် အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် နံနက် ၁၁နာရီတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးသက်နောင်

### အသက်(၅၈)နှစ်

ဗိုလ်မှူးဖြိုးမြင့်ခိုင်-ဒေါ်နေခြည်ဖူးပွင့်အောင် [ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန]၏ ကျေးဇူးရှင်ဖခင်သည် ၃-၉-၂၀၂၁ (သောကြာနေ့) ည ၁၀:၄၅ နာရီတွင် နေပြည်တော်၊ ရွှေကြာပင်အိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးရုံး၊ အဆောက်အဦ/လမ်း/တံတား/ကျေးလက်လမ်း**
**ငွေစာရင်းမိသားစု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သာသနာ့ဒါယကာကြီး

## ဦးစိန်ညွန့်

**ဆောက်လုပ်ရေး(ငြိမ်း)ဒေသအဖွဲ့-၆**

### အသက်(၉၃)နှစ်

ပုဂံညောင်ဦးမြို့နယ်၊ ကန်စောင့်ရွာနေ(ဦးဘိုးဟန်-ဒေါ်ဖီ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈/က)နေ (ဒေါ်စန်း)၏ခင်ပွန်း၊ ဦးအေးမြင့်ရွှေ- ဒေါ်အေးအေးမူ၊ ဦးဝင်းထွန်းစိုး-ဒေါ်အေးအေးကြူ၊ ဦးခင်မောင်ဆွေ-ဒေါ်ခင်သင်းကြူ၊ ဦးကျော်ကျော်နိုင်-ဒေါ်မင်းမင်းအေး၊ ဦးတင်မောင်လှ-ဒေါ်သန့်ဇင်တိုး၊ ဦးကျော်ကျော်ထွန်း-ဒေါ်နှင်းရတနာထွေး တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ရဲရင့်ထက်၊ မဆုမြတ်ထူး၊ မကြယ်စင်နှင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၃-၉-၂၀၂၁(သောကြာနေ့) နံနက် ၆နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ယင်းနေ့ ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေကန်၊ လမ်း၊ တံတား၊
ဒါယိကာမကြီး

## ဒေါ်ခင်ကြည် (ဗဟန်း)

**(ရွှေပြည်တန် သင်္ကန်းတိုက်)**

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၄)၊ အုတ်လမ်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးသောင်း)၏ ဇနီး၊ ဒေါ်စန်းစန်းအေး(ခ)ဒေါ်စန္ဒသိင်္ဂီ၊ ဦးကျော်စိုး-ဒေါ်ဝင်းကြည်၊ ဒေါ်သိန်းသိန်းဌေး(ခ)ဒေါ်စိန်တုံးတို့၏ မိခင်၊ ကိုမျိုးသန့်၊မခန့်ခန့်ချော၊ မဝင့်သင်္ဂီတို့၏ ချစ်လှစွာသော အဘွားသည် ၄-၉-၂၀၂၁(စနေနေ့)တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ပို

**(စိန်ဂျွန်းကျောင်းသားဟောင်း)**

### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ်(၃-A) နေ(ဦးမှတ်ဝင်း-ဒေါ်သိန်းလှ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအောင်မြင့်-ဒေါ်ရင်ပို့)တို့၏ သားသမက်၊ ဒေါ်ရင်ရင်မြင့်၏ခင်ပွန်း၊ ကိုမင်းဟိန်းနောင်၏ ဖခင်၊ (ဦးအောင်ညို)-ဒေါ်သီတာထွန်းတို့၏ညီ၊ (ဦးအောင်လင်း)၊ (ဒေါ်မြင့်မြင့်ခင်)၊ ဦးမြင့်မောင်-Mrs. Namiko Sato တို့၏ အစ်ကို၊ ကိုအောင်ဝင်းထွန်း၊ ကိုရာဇာ- မအေးသိင်္ဂီထွန်း၊ ကိုဉာဏ်ဝင်းထွန်း-မမိုးစန္ဒာလင်း၊ Mr. Shinjo Sato @ရွှေပြည်သားတို့၏ ဦးလေးသည် ၅-၉-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ဆွေ

**အ.ထ.က (၅) ကြည့်မြင်တိုင်**
**အ.ထ.က (၂) ရွှေပြည်သာ**
**အ.ထ.က (၁) အလုံ၊ အ.ထ.ပြ-ငြိမ်း**

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ်(၈၃)၊ သိမ်ကြီးလမ်းနေ(ဦးတင်ကြည်-ဒေါ်လှ)တို့၏ သမီးလတ်၊ ဦးသန်းထွန်း (ဆောက်လုပ်ရေး-ငြိမ်း)၊ ဒေါ်ခင်ခင်နွယ်တို့၏ ညီမ၊ ဦးသန်းထိုက်စိုး-ဒေါ်အေးအေးစန်း၊ ဒေါ်နုနုထွေး(ဆ.သ.ရ)တို့၏ ချစ်လှစွာသော အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏ အဒေါ် ဒေါ်ခင်ခင်ဆွေသည် ၉-၈-၂၀၂၁ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးမြင့်သိန်း

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**(ကျုံမငေး)**

### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းဖေ-ဒေါ်လှရင်)တို့၏သား၊ ဒေါ်ခင်မမည်ို၏ ခင်ပွန်း၊ ဦးစိုးလှမင်း-ဒေါ်ဇာခြည်ဖြိုး (Galactic Power Co.,Ltd)၊ ဦးအောင်ဖြိုးသူတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အဂ္ဂမင်းမြတ် (MIS)၊ မောင်သုတမင်းဆက် (PISM)တို့၏ အဘိုး ဦးစိုးမြင့်သိန်းသည် ၂-၉-၂၀၂၁ရက် မွန်းလွဲ ၂:၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပည့် အင်ဂျင်နီယာများ**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**







နေရောင်အောက်က
သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကိုထိန်းသိမ်းစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားအရှေ့ဖျားဒေသဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ မစ္စတာ ယူရီထရုနဗ်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသည့် (၆)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 6th Eastern Economic Forum) သို့ တက်ရောက်ခဲ့သည်။

**တက်ရောက်**

ဖိုရမ်၏ ပထမနေ့ဖြစ်သော စက်တင်ဘာ ၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Russia–ASEAN Business Dialogue သို့ တက်ရောက်ခဲ့သည်။

အဆိုပါ Business Dialogue ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြည်နယ်များ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အမှုဆောင်အရာရှိချုပ်နှင့် ရုရှား–အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌဖြစ်သူ Mr. Ivan Polyakov က ဦးဆောင်ဆွေးနွေး၍

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်အဖွဲ့ (၆) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပထမနေ့ Russia–ASEAN Business Dialogue သို့ တက်ရောက်စဉ်။

# ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ် အမေရိကန်အိုးပင်းပြိုင်ပွဲ စတုတ္ထအဆင့် တက်လှမ်း

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း တတိယအဆင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၄ ရက်က ယှဉ်ပြိုင်ပွဲကစားခဲ့တဲ့ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်နဲ့ ကမ္ဘာ့နံပါတ် ၅၆ နေရာမှာ ရပ်တည်နေတဲ့ ဂျပန်တင်းနစ်ကစားသမား နီရှီကိုရီတို့ပွဲစဉ်မှာ ဂျိုကိုဗစ်က နီရှီကိုရီကို အနိုင်ရပြီး အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ စတုတ္ထအဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။



အသက် ၃၄ နှစ်အရွယ်ရှိ ဆားဘီးယားပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ ဂျပန်တင်းနစ် ကစားသမား နီရှီကိုရီကို ၆–၇(၄–၇)၊ ၆–၃၊ ၆–၃၊ ၆–၂ နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲအရပ်ရပ်တွေ့ဆုံမှုတွင် ဂျိုကိုဗစ်အနေနဲ့ နီရှီကိုရီကို ၁၇ ကြိမ်ဆက်တိုက် အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ဆားဘီးယားတင်းနစ် ကစားသမား ဂျိုကိုဗစ်ဟာ အမျိုးသားတစ်ဦးချင်း တင်းနစ် ပြိုင်ပွဲတွေမှာ နိုင်ပွဲအသီးသီးရရှိထားတဲ့အပြင် ဂရန်းဆလမ်းဆုဖလားကိုလည်း စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ

### မင်္ဂလာဒွဲ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းဖောက်လုပ်ခြင်း စီမံကိန်း၊ ခေါင်လန်ဖူးမြို့သို့ တစ်ကြောင်းထိုး ကားလမ်း ဖောက်လုပ်ရောက်ရှိ



စာမျက်နှာ » ၉

---

### ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၄၅၂ ဦး ထပ်မံတွေ့ရှိ

စာမျက်နှာ » ၁၃

---

### အကြမ်းဖက်သူများက မြို့နယ်အချို့ရှိ ဆက်သွယ်ရေးတာဝါတိုင်များအား ဖျက်ဆီးမှုများ ပြုလုပ်

စာမျက်နှာ » ၁၅